

# ဓလေ့ထုံးတမ်းဆိုင်ရာ အစုအဖွဲ့ မြေယာပိုင်ဆိုင်ခွင့်နှင့် အလှည့်ကျအနားပေး တောင်ယာစနစ်ဆိုင်ရာ ဆွေးနွေးပွဲ အနှစ်ချုပ်









Policy Brief prepared for Land Core Group


Funded By:

Livelihoods and Food Security Trust Fund

# မြေယာမဏ္ဍိုင်အဖွဲ့

*အလှည့်ကျ ပလပ်မြေနှင့် တောင်ယာမြေတွင် ဓလေ့ထုံးတမ်းစဉ်လာအရ မြေယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍*

အမျိုးသားအဆင့် တိုက်ရိုက်ဆွေးနွေးပွဲ၏ အနှစ်ချုပ်

မြေယာမဏ္ဍိုင်အဖွဲ့အတွက် ပြုစုထားသော မူဝါဒအကျဉ်းချုပ်

အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး အာမခံရန်ပုံငွေ

## ဥပဒေသဖွင့်

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၄ ရက်ထိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ the transnational အုပ်စုနှင့် မြေယာမဏ္ဍိုင်အဖွဲ့တို့သည် အလှည့်ကျ ပလပ်မြေပေါ်တွင် ဓလေ့ထုံးတမ်း စဉ်လာအရ လုပ်ပိုင်ခွင့်ရှိသော တောင်ယာစနစ်နှင့်ပတ်သက်၍ အမျိုးသားအဆင့် ဆွေးနွေးပွဲတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ အစည်းအဝေးတွင် အစိုးရဌာနမှ အရာရှိများ၊ ဥပဒေကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအပါအဝင် တာဝန်ရှိသူများစွာ ပါဝင်ခဲ့သည်။ ယင်းတို့သည် ပေါ်ပေါက်လာမည့် အမျိုးသားမြေယာ အသုံးချ မူဝါဒနှင့် အမျိုးသားမြေယာဥပဒေတွင် ဓလေ့ထုံးတမ်းစဉ်လာအရ မြေယာလုပ်ပိုင်ခွင့်ကို မည်သို့မည်ပုံ အသိအမှတ်ပြုရေး နှင့်ပတ်သက်၍အထူးဝိသေသပြုကာ (with particular emphasis) ဓလေ့ထုံးတမ်းစဉ်လာအရအများနှင့်သက်ဆိုင်သည့် မြေယာလုပ်ပိုင်ခွင့်ကို အသိအမှတ် ပြုရေး ဆွေးနွေးတင်ပြခဲ့ကြသည်။

ဤမူဝါဒအကျဉ်းချုပ်သည် နောင်ပေါ်ပေါက်လာမည့် အမျိုးသားမြေယာအသုံးချမူဝါဒနှင့် အမျိုးသားမြေယာဥပဒေ တွင် ဓလေ့ထုံးတမ်းစဉ်လာအရ အများနှင့်သက်ဆိုင်သော အလှည့်ကျ ပလပ်မြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်သော တောင်ယာစနစ် လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးရေး(advocate)ကို ရည်မှန်းချက် ထားရှိခဲ့သည်။ သို့ရာတွင် အကျဉ်းချုပ် အကြံပြုတင်ပြရာတွင် မကြာသေးခင်က ပြုလုပ်ခဲ့သော အမျိုးသားအဆင့် ဆွေး နွေးပွဲများတွင် တင်ပြခဲ့ကြသော အကြံပြုချက်များ၊ အသိပညာ အရည်အသွေးများ အလုံးစုံ ပါဝင်မှုမရှိဘဲ တိုက်ရိုက် သက်ဆိုင်မှုများကိုသာ အများဆုံး ကောက်နုတ်တင်ပြခဲ့ကြသည်။

## အတိုချုပ်အသုံးအနှုန်းများ

| | |
|---|---|
| FALUP | : သစ်တောနှင့်လယ်ယာမြေအသုံးချမှုစီမံကိန်း |
| GAD | : အထွေထွေအုပ်ချုပ်ရေး |
| GPS | : ကမ္ဘာလုံးဆိုင်ရာအနေအထားစနစ် |
| ICC | : မျိုးနွယ်စုဆိုင်ရာယဉ်ကျေးမှုအသိုက်အဝန်း |
| ILO | : ကမ္ဘာ့အလုပ်သမားအဖွဲ့ |
| IP | : တိုင်းရင်းသားလူမျိုးစု |
| ICG | : မြေယာမဏ္ဍိုင်အဖွဲ့ |
| LIFT | : အသက်မွေးဝမ်းကြောင်းနှင့် စားနပ်ရိက္ခာဖူလုံမှု အာမခံချက် ရန်ပုံငွေ |
| MOECAF | : ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာန |
| NLUP | : အမျိုးသားမြေယာအသုံးချမူဝါဒ |
| SLRD | : ကြေးတိုင်နှင့်မြေစာရင်းဌာန |
| TABI | : လယ်ယာဇီဝမျိုးကွဲအဖွဲ့ (biodiversity) |
| TNI | : Transnational Institute |

## မာတိကာ


၁။ နိဒါန်း ...... ၄

၂။ အမျိုးသားမြေယာအသုံးချမှုဝါဒ ...... ၄

၃။ ကမ္ဘာနှင့်ဒေသဆိုင်ရာယူဆချက်များ ...... ၄

၄။ မြန်မာနိုင်ငံ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော မြေယာလုပ်ပိုင်ခွင့်နှင့် ...... ၇

အလှည့်ကျ ပလပ်မြေပေါ်တွင် လယ်ယာစိုက်ပျိုးသော အလေ့အထများ ...... ၇

၅။ မြန်မာနိုင်ငံရှိ ဥပဒေမူဘောင် ...... ၁၀

၆။ အစုအဖွဲ့ဖြင့်ပြုလုပ်သော အစည်းအဝေး ...... ၁၀

- လက်ရှိ ဥပဒေမူဘောင်အတွင်း ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့် ...... ၁၀
- အမျိုးသားမြေယာ အသုံးချမှုဝါဒတွင် ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့် ...... ၁၁
- ဓလေ့ထုံးတမ်းစဉ်လာ မြေနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်နှင့် မှုခင်းများ ဖြေရှင်းပေးမှု ...... ၁၁
- ထုံးတမ်းစဉ်လာ မြေယာမြေပုံ သတ်မှတ်မှုနှင့် အတန်းအစားခွဲခြားမှု ...... ၁၂

၇။ ဆွေးနွေးတင်ပြချက် ...... ၁၃

၈။ မူဝါဒ ထောက်ခံတင်ပြချက်များ ...... ၁၅

၉။ နောက်ထပ် လုပ်ငန်းစဉ်များ ...... ၁၇

၁၀။ နိဂုံး ...... ၁၈

၁၁။ နောက်ဆက်တွဲ - အဖွင့်မိန့်ခွန်း ...... ၁၉

၁၂။ ရည်ညွှန်းကိုးကားချက်များ ...... ၂၃

## ၁။ နိဒါန်း

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၄ ရက်ထိ မြန်မာနိုင်ငံတွင် ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော မြေယာလုပ်ပိုင်ခွင့် အလေ့အကျင့်များကို အသိအမှတ်ပြုရေးနှင့်ပတ်သက်ပြီး ပါဝင်ဆောင်ရွက်သူများအတွင်း ဆွေးနွေးချက်များကို ဖွံ့ဖြိုးတိုးတက်လာစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန (MOECAF) ၊ (Transnational Institute – TNI) နှင့် မြေယာမဏ္ဍိုင်အဖွဲ့ (LCG) တို့သည် အလှည့်ကျ (ရွှေ့ပြောင်းစနစ်) နှင့် ပလပ်မြေပေါ်တွင် လုပ်ကိုင်နေကြသော တောင်ယာမြေအတွက် ထုံးတမ်းစဉ်လာအတိုင်း လုပ်ပိုင်ခွင့်ရရှိရန် အမျိုးသား ထိပ်တိုက်ဆွေးနွေးပွဲတစ်ခုကို စည်းရုံးဆောင်ရွက်ခဲ့သည်။ အခြေအတင် ဆွေးနွေးပွဲတစ်ခုကို စည်းရုံးဆောင်ရွက်ခဲ့သည်။ ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်ကို အခြေအတင် ဆွေးနွေးပွဲက ဒေသတွင်း စိန်ခေါ်မှုများ၊ အောင်မြင်မှုများနှင့်ပတ်သက်၍ မြေယာမူဝါဒစီမံကိန်းနှင့် အစီအစဉ်များ ရေးဆွဲခြင်းသို့ ထည့်သွင်းပေါင်းစည်းလျက် လက်ရှိဆွေးနွေးပွဲနှင့်ပတ်သက်၍ သုံးသပ်တင်ပြကာ အသိပညာပေးမှုကို မြှင့်တင်ပေးခဲ့သည်။ တက်ရောက်သူများက အမျိုးသားမြေယာအသုံးချမှု မူဝါဒ (NLUP) တွင် ပြဌာန်းထားသော ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်ကဏ္ဍ၏ အလားအလာကို ဆွေးနွေးတင်ပြခဲ့ကြသည်။ ထိုသို့ တင်ပြရာတွင် လက်ရှိ မြေယာဥပဒေမူဘောင်တွင်းမှ အများနှင့်သက်ဆိုင်သော လယ်ယာလုပ်ပိုင်ခွင့် အစီအစဉ်များတွင် ပါဝင်လျက်ရှိကြသော မြန်မာ၊ နိုင်ငံတကာ ကျွမ်းကျင်သူများ၏ အတွေ့အကြုံများ၊ မြို့ပြလူမှုအဖွဲ့အစည်းများ၏ အတွေ့အကြုံများကို ထုတ်ယူသုံးသပ်ခဲ့ကြသည်။ ဤဆွေးနွေးတင်ပြချက်များသည် ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ လမ်းညွှန်ပြဌာန်းမှုသို့ ဦးတည်သွားစေသည်။ ယင်းဖြစ်စဉ်တွင် MOECAF နှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများသည် အမျိုးသားမြေယာအသုံးချမှုဝါဒနှင့် မြေယာဥပဒေမူကြမ်း ရေးဆွဲတင်ပြမှုကို အပြီးသတ် ဆောင်ရွက်သွားရန်ဖြစ်သည်။

## ၂။ အမျိုးသားမြေယာ အသုံးချမှုဝါဒ

ဒုတိယဆွေးနွေးပွဲ၌ MOECAF မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်သန်းမှ NLUP မူကြမ်းတွင် ပါဝင်သော ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သည့် လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ စတင် တင်ပြပါသည်။ မြန်မာနိုင်ငံ အစိုးရသည် မြေယာအသုံးချမူဝါဒမူကြမ်း အစီအစဉ်ကို ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံအတွက် မြေယာအသုံးချ မူဝါဒသစ်ကို အပြီးသတ် ဆောင်ရွက်ရေးအတွက် အပြီးသတ် ဆောင်ရွက်ထားသော မူဝါဒမူကြမ်းနှင့်ပတ်သက်၍ အများပြည်သူနှင့် ညှိနှိုင်းမှုအစီအစဉ်ကို စတင် အစပျိုးခဲ့သည်။ မူဝါဒမူကြမ်း၏ အရေးပါသော လက္ခဏာတစ်ရပ်မှာ ဓလေ့ထုံးစံအရ မြေယာလုပ်ပိုင်ခွင့် အလေ့အထများကို အသိအမှတ်ပြုခြင်းနှင့် အများနှင့်သက်ဆိုင်သော မြေယာလုပ်ပိုင်ခွင့် အစီအစဉ်များအား ပုံမှန် အသိအမှတ်ပြုခြင်း၊ အလားအလာကောင်းများကို နီးနွှယ်ဆက်စပ် ဖော်ပြထားခြင်းပင်ဖြစ် သည်။ ဤဖော်ပြချက်ကို လက်ရှိမူဝါဒ မူကြမ်းနှင့်ပတ်သက်၍ အပိုင်း (၇) တွင် အသေးစိတ် ပါဝင်လျက်ရှိသည်။

## ၃။ ကမ္ဘာနှင့်ဒေသဆိုင်ရာယူဆချက်များ

Fundacion Tierra မှ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင် Gonzalo Colque နှင့် Bolivia မှ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးတို့က Bolivian နှင့် ကမ္ဘာ့အမြင်ရှုထောင့်မှ ဓလေ့ထုံးစံအရ မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးများ၊ အရေးကြီးပုံကို ဆန်းစစ်လေ့လာတင်ပြခဲ့ကြသည်။ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်သည် ပုံစံအမျိုးမျိုးဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အတိုင်းအတာတစ်ခုအရ လွှမ်းခြုံလျက်ရှိသည်။ ယင်းသည် ထိလွယ်ခိုက်လွယ်သော တိုင်းရင်းသားလူမျိုးစုများ၊ မျိုးနွယ်စုများနှင့် ဆင်းရဲသော ကျေးလက်ဒေသနေ လူအများစုက ဓလေ့ထုံးစံအရ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မြေယာသယံဇာတများ အုပ်ချုပ်မှုဆိုင်ရာ Virant စနစ်တစ်ခုဖြစ်သည်။ ထို့အပြင် မြေယာသည် စီးပွားရေး ရင်းမြစ်တစ်ခုသာမဟုတ် ကျေးလက်ဆင်းရဲသားများနှင့် လူမျိုးစုအခြေခံဘဝ ရှင်သန်ရေးစနစ်များနှင့် ဆက်နွှယ်လျက်ရှိသော လူမှုရေး ကဏ္ဍတစ်ရပ်လည်း ဖြစ်သည်။ အသိအမှတ်ပြုရေး ကဏ္ဍတစ်ရပ်လည်း ဖြစ်သည်။ အသိအမှတ်ပြုရေးနှင့် အကာအကွယ်ပေးရေးတွင် လူမှုရေးနှင့် နိုင်ငံရေး အတိုင်းအတာများ (dimensions) ပါဝင်လာမည်။ မကြာသေးခင်က ဆောင်ရွက်ခဲ့သော မြေယာပြုပြင်ရေးများနှင့် မြေယာရပိုင်ခွင့် ကနဦးလုပ်ဆောင်ချက်များသည် ယခု အလားတူ အားထုတ်ကြိုးပမ်းခဲ့သည့်အတိုင်း မြန်မာနိုင်ငံ အစိုးရအတွက် တန်ဖိုးရှိ

သော သင်ခန်းစာများကို ပေးနိုင်ခဲ့သည်။

အမျိုးသား စားနပ်ရိက္ခာ ဖူလုံရေးတွင် မြေယာ၊ သား ငါး၊ သစ်တောများကို ဦးတည်ထားသည့် လုပ်ပိုင်ခွင့်အတွက် တာဝန်ရှိသော အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ စေတနာ့ဝန်ထမ်း လမ်းညွှန်ချက်များက TNI ၏ Jenny Franco အဆိုပြုထားသကဲ့သို့ အပြည်ပြည်ဆိုင်ရာ စေတနာ့ဝန်ထမ်း စိတ်ဓာတ်ဖြင့် စံသတ်မှတ်ချက်တွင် လက်ရှိကာလ၌ အမြင့်ဆုံးဖြစ်သည်။ ဤစံသတ်မှတ်ချက်သည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက ညှိနှိုင်း၍ သဘောတူထားချက်ပေါ်တွင် အခြေခံထားသည်။ မြန်မာနိုင်ငံသည် ယင်းလမ်းညွှန်ချက်များကို လက်မှတ်ထိုးထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ လုပ်ပိုင်ခွင့်လမ်းညွှန်ချက်များသည် မြေယာနှင့်ပတ်သက်သော လူသားများ၏ အခွင့်အရေးတစ်ရပ်အဖြစ် အခိုင်အမာ သက်သေထူမပြနိုင်သော်လည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးမူဘောင်တွင် ရှင်းလင်းပြည့်စုံစွာ နေသားကျ (anchored) ရှိနေပြီးဖြစ်သည်။ ဤနည်းအားဖြင့် လူ့အခွင့်အရေး ကိစ္စတစ်ရပ်အနေနှင့် မြေယာလုပ်ပိုင်ခွင့်နှင့် မြေယာ စီမံခန့်ခွဲခွင့်ကို အထောက်အကူပြုလျက်ရှိသည်။ ဥပမာအားဖြင့် အပိုင်း (၂)တွင် ဖော်ပြထားသော လမ်းညွှန်ချက်များက နိုင်ငံများသည် တရားဝင် လုပ်ပိုင်ခွင့်ရှိသော အမှန်အကန် ပိုင်ဆိုင်သူများ၊ ၎င်းတို့၏ အခွင့်အရေးများ၊ အသိအမှတ်ပြုရေးကို လေးစားလိုက်နာရန် လိုအပ်ပါသည်။ ထို့အပြင် ခြိမ်းခြောက်မှုများကို ဆန့်ကျင်၍ တရားဝင်လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကို စောင့်ထိန်းရန်၊ ချိုးဖောက်ထိပါးမှုကို ကာကွယ်ရန်၊ တရားဝင် လုပ်ပိုင်ခွင့်များကို ပံ့ပိုးပေးရေးနှင့် မြှင့်တင်ပေးရန်၊ လုပ်ပိုင်ခွင့်ကို ထိပါးနှောင့်ယှက်မှုအား တရားနည်းလမ်းအတိုင်း ကိုင်တွယ် ဖြေရှင်းရာတွင် လက်လှမ်းမီမှု ရှိစေရန်တို့အပြင် အခြားကဏ္ဍများအတွင်း ပိုင်ဆိုင်ခွင့် အငြင်းပွားမှုများကို တားဆီးကာကွယ်ရေးတို့ တိုင်းတာဆောင်ရွက်သွားရန် ဖြစ်သည်။ ဤအချက် အလက်များက တိုင်းရင်းသား မြေယာအသုံးချမှုဆိုင်ရာ အခွင့်အရေးများ ဥပမာ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော မြေယာအသုံးချမှု အခွင့်အရေးတို့ကို မူဘောင်အတွင်းမှ ထည့်သွင်းကာ ထိရောက်စွာ အကာအကွယ်ပေးသွားနိုင်ရေးတို့ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဓလေ့ထုံးတမ်းစဉ်လာအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်၊ ယင်းတို့နှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်နေမှု အမျိုးမျိုးနှင့် မြန်မာနိုင်ငံရှိ လက်ရှိဥပဒေမူဘောင်နှင့် နီးနွယ်ကာ အခြေအတင် ဆွေးနွေးမှုက အိမ်နီးချင်း အာဆီယံနိုင်ငံများမှ အောင်မြင်ရရှိမှုကို ဆွေးနွေးပြီး ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရေးတွင် စိန်ခေါ်မှုများအတွက် လက်တွေ့ကျကျ ပါဝင်နေသူများနှင့် ပူးပေါင်းကာ အားထုတ်ဆောင်ရွက်သွားရန် ဖြစ်သည်။

နိုင်ငံ၏ တွေ့ကြုံနေရသော အခြေအနေနှင့် အကောင်အထည်ဖော်နေရသော စီမံကိန်းများသည် ကွဲပြားခြားနားနေစဉ် ဤအားထုတ်လုပ်ကိုင်မှုများကို အမှန်အကန် ပေါင်းစပ်စုစည်း၍ တည်ဆဲ ဓလေ့ထုံးစံအရ အများတကာနှင့်သက်ဆိုင်သော မြေ အသုံးချမှုကို အသိအမှတ်ပြုရန်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားလူမျိုး စုများ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို အထောက်အကူပြုရန် ဖြစ်သည်။ နိုင်ငံ၏ ဆက်နွယ်လျက်ရှိသော အခြေအနေများကို ဆွေးနွေးတင်ပြရာတွင် ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားတို့တွင် ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်များကို အသိအမှတ်ပြုသော မြေယာဥပဒေများကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ကြသည်။ လာအိုနိုင်ငံသည် ယခုအချိန်တွင် ရှေ့ပြေးစီမံချက် အဆင့်တွင်ရှိနေသော ဓလေ့ထုံးစံအရအများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့် အသိအမှတ်ပြုရေး စီမံ ကိန်းကို တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသည်။

၁၉၈၉ ခုနှစ် နိုင်ငံတကာ သဘောတူညီချက် (Convention, 169)ကို အခြေခံလျက် တိုင်းရင်းသားမျိုးနွယ်စု အသိုက်အဝန်းကို အထောက်အကူ ပြုနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ Mr. Sophorn Sek သည် ကမ္ဘောဒီးယား အတွေ့အကြုံကို အသိအမှတ်ပြုရေး၊ အမျိုးသား Cadatre တွင် ပါဝင်သော ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော မြေအသုံးချမှု အခွင့်အရေးတို့ကို ချုံ့ငုံတင်ပြခဲ့သည်။ ၎င်း၏ တင်ပြချက်သည် ဥပဒေရေးဆိုင်ရာ ပုဂ္ဂိုလ်များအနေနှင့် မျိုးနွယ်စု အသိုက်အဝန်း ခွဲခြားမှုအစီအစဉ်၊ လက်ရှိမြေယာ အသုံးချမှုကို မြေပုံရေးဆွဲခြင်း၊ စွမ်းအားတည်ဆောက်မှုတို့ကို ထိတွေ့စေခဲ့သည်။ ထို့အပြင် ဤဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်နေကြသော တာဝန်ရှိပုဂ္ဂိုလ်များကို ကမကထ ပြုပေးမှု၊ အမျိုးသားအဆင့် လုပ်ထုံးလုပ်နည်းများတွင် ညှိနှိုင်းဆောင်ရွက်မှု၊ ကမ္ဘောဒီးယား၏ လုပ်ဆောင်ချက်တွင် တွေ့ကြုံရသော စိန်ခေါ်မှုများနှင့် အောင်မြင်မှုတို့ကို (Mr. Sek ၏ တင်ပြချက်များတွင်) ထည့်သွင်း ဖော်ပြခဲ့သည်။ Mr. Sek လူမျိုးစုအလိုက် ပိုင်ဆိုင်သော ပစ္စည်းများ စနစ်တကျဖြစ်ရေး၊ Cadastre အရ မြေယာ လက်ဝယ် ရှိခွင့်တို့ကို စီမံခန့်ခွဲရာတွင် ကမ္ဘောဒီးယားတွင် အကောင်အထည်ဖော်ပြီးဖြစ်သော (one-window service) ကို အထူးအလေးပေး ပြောကြားသွားသည်။ မြေယာအုပ်ချုပ်မှုနှင့်သက်ဆိုင်သော အမျိုးသားမူဝါဒ ဖော်ထုတ်မှုတွင် မြို့ပြလူမှုအဖွဲ့အစည်းများနှင့် အဓိပ္ပာယ်ရှိရှိ နီးနှောတိုင်ပင်မှု ပြုရန် အသိပေးပြောကြားသွားသည်။ ဤလုပ်ငန်းစဉ်အတောအတွင်း ကမ္ဘောဒီးယား အစိုးရနှင့် အလှူရှင်နိုင်ငံများသည် တိုင်းရင်းသားလူမျိုးစုများ အပါအဝင် တက်တက်ကြွကြွ ပါဝင် ဆောင်ရွက်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာမြှင့်တင်မှု၊ စွမ်းရည် တည်

ဆောက်မှုကို အခြေခံထားသည့် ညှိနှိုင်းမှု အဖွဲ့အစည်းတစ်ခု တည်ထောင်ထားခဲ့သည်။

Mr. R.J de la Rosa သည် ဖိလစ်ပိုင်နိုင်ငံ၊ တိုင်းရင်းသား လူမျိုးစုများ၏ မြေယာအခွင့်အရေးများ၏ salient လက္ခဏာများ တွေ့ကြုံနေရသော စိန်ခေါ်မှုများ၊ ဖိလစ်ပိုင်နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူဘောင်တို့ကို ဆွေးနွေးတင်ပြခဲ့သည်။ မြေယာပြုပြင်မှုသည် မျိုးနွယ်စုတို့၏ မြင့်မား ထွေပြား ခြားနားသော လူဦးရေအတွင်း ဖိလစ်ပိုင်နိုင်ငံတွင်း ဆက်စပ် ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ ဖြစ်ပေါ်စဉ်အတွင်း မြေယာပဋိပက္ခများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးဆက်တစ်ရပ် အနေနှင့် ပေါ်ပေါက်ခဲ့သည်။ ယင်းတွင် မြို့ပြလူမှုအဖွဲ့အစည်း များသည် နက်ရှိုင်းစွာ ပါဝင်လာသည်။ ဖိလစ်ပိုင်နိုင်ငံသည် အခြေခံ ဖွဲ့စည်းအုပ်ချုပ်ပုံအသစ် ပြဋ္ဌာန်းပေးရေး အပါအဝင် နိုင်ငံရေး စပ်ကူးမတ်ကူးကာလနှင့် ကြုံကြိုက်ခဲ့ရသည်။ ၁၉၈၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ section 22, Article (2) က အမျိုးသားစည်းလုံးရေးနှင့် ဖွံ့ဖြိုးရေးမူဘောင်အတွင်း တိုင်းရင်းသားလူမျိုးစုများနှင့် သက်ဆိုင်သော ယဉ်ကျေးမှု အသိုက်အဝန်း၏ အခွင့်အရေးများကို အသိအမှတ်ပြု မြှင့်တင်ပေးခဲ့သည်။ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးများ အက်ဥပဒေ (၁၉၉၇) တွင် ဘိုးဘွားစဉ်လာ ပိုင်ဆိုင်မှုအနေအထားအရ လူမျိုးစုများ ထိန်းချုပ်ထားသော မြေယာကို အသိအမှတ်ပြုရပြီး ယင်းတို့ကို အခြေခံ၍ မြေယာအသုံးပြုမှု အခွင့်အရေးများကို ပေးအပ်ရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ မူဘောင်အရ ဘိုးဘွားစဉ်လာ ပိုင်ဆိုင်မှု ဆိုသည်မှာ ယဉ်ကျေးမှုအရ ရပ်တည်နေသော တိုင်းရင်းသား လူမျိုးစု အသိုက်အဝန်း သို့မဟုတ် တိုင်းရင်းသား လူမျိုးများ (ICCs/IPs) ပိုင်ဆိုင်လျက်ရှိသော မြေယာအားလုံးကို ရည်ညွှန်းသည်။ ယင်းတွင် မြေများ၊ ကုန်းတွင်းပိုင်း ရေပိုင်နက်များ (Inland waters)၊ ကမ်းရိုးတန်း ဒေသများ၊ သယံဇာတပစ္စည်းများ၊ လက်ဆုပ်လက်ကိုင်ရှိသော အရာကို တောင်းဆိုပိုင်ခွင့်တို့ကို အထောက်အကူ ပြုလျက်ရှိသည်။ ICCs/IPs အရ ၎င်းတို့ကိုယ်တိုင် အပြည့်အဝ ပိုင်ဆိုင်သုံးစွဲခွင့် သို့မဟုတ် အများနှင့် သက်ဆိုင်၍သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း ယင်းတို့၏ ဘိုးဘေးဘီဘင် အဆက်ဆက်အရ လုပ် ပိုင်ခွင့်ရှိသည်။ ICCs/IPs က ဆက်လက်၍ အထူး သီးသီးသန့်သန့် လက်ဝယ်မထားရှိနိုင်သော မြေများ ပါဝင်လာမည်။ သို့ရာတွင် ICCs/IPs တို့၏ အကျိုးဆက်အနေနှင့် ယင်းတို့သည် ဓလေ့ထုံးစံအရ မိမိတို့၏ ဘဝရှင်သန်ရေး (subsistance)နှင့် ထုံးတမ်းဓလေ့အရ ဝန်ဆောင်မှုများကို လက်လှမ်းမှီနိုင်ခဲ့ကြပြီ ဖြစ်သည်။ အထူးသဖြင့် ICCs/IPs တို့၏ ကိုယ့်ရပ်ကိုယ့်မြေ အတန်းအစား (home ranges) အလိုက် နေကြရသူများမှာ အတည်တကျ ခြေဦးမချနိုင်ဘဲ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးလုပ်ကိုင်လျက်ပင် ရှိကြသည်။ ဘိုးဘွား အစဉ်အလာအရ ပိုင်ဆိုင်မှု အသိအမှတ်ပြုလက်မှတ်သည် ပုံမှန်အားဖြင့် ပိုင်ဆိုင်ကြောင်း အခွင့်အရေးကို အသိအမှတ်ပြုသည်။ ထို့ပြင် ဘိုးဘွားစဉ်လာ ပိုင်ဆိုင်ခဲ့သော ပိုင်နက်များနှင့်ပတ်သက်၍ ICCs/IPs အရ ပိုင်ဆိုင်ကြောင်း ခွဲခြားသတ်မှတ်ကာ အသေးစိတ် ချပြ ရှင်းလင်းထားသည်။ ဤမူဝါဒကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများမှာ ဘိုးဘွားစဉ်လာက ပိုင်ဆိုင်ခဲ့သော အရာများကို တောင်းခံရာတွင် နှေးကွေးသော ဖြစ်စဉ်များ၊ ဘတ်ဂျက် ကန့်သတ်ချက်များ၊ ဘိုးဘွားစဉ်လာ ပိုင်ဆိုင်မှု တောင်းခံရာ၌ ပဋိပက္ခများနှင့် လွတ်လပ်စွာ ကြိုတင်သိရှိပြီး သဘောတူထားသည့် မူဝါဒများက ရုပ်လုံးဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများအနေနှင့် ပါဝင်လာသည်။

ဖိလစ်ပိုင်နိုင်ငံတွင် မိဘဘိုးဘွား ပိုင်ဆိုင်မှု အသီးသီးကို တိုင်းရင်းသားလူမျိုးစုအားလုံး နေထိုင်ကြသော ဒေသများကို စုပေါင်း၍လည်းကောင်း သို့မဟုတ် အနီးအနား ကျေးရွာများတွင် နေကြသော မျိုးနွယ်စုများအလိုက်လည်းကောင်း ဖွဲ့စည်းထားသည်။ လက်ရှိကာလတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အာဏာပိုင်များအနေနှင့် အချို့ဒေသများကို ဆင်တူရိုးမှား ဒေသများ (territory synoymous) အဖြစ် မကြာခဏ ရောထွေးနေတတ်သည်။ ဆန့်ကျင်ဘက်အားဖြင့် နှိုင်းယှဉ်ပြရသော် ကျေးရွာတစ်ရွာတွင် စုပေါင်းပိုင်ဆိုင်ခွင့်ရှိကြောင်း (collective titling) အသိအမှတ်ပြုထားသော ဒေသများ ရှိသည်။ ယင်းကျေးရွာတွင် ဓလေ့ထုံးတမ်းစဉ်လာအရ စီမံခန့်ခွဲသော အဖွဲ့အစည်းလည်း ရှိသည်။ မြန်မာနိုင်ငံတွင်လည်း အနည်းဆုံး ယင်းကဲ့သို့ ဝေစုခွဲ ဝေချထားမှုများ (portions)လည်း ရှိသည်။

Lao RDR ၏ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနမှ Mr. Phen Souvanthong နှင့် Mr. Saysongkham Sayavong တို့က ၎င်းတို့နိုင်ငံတွင် မြေယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ခြုံငုံသုံးသပ်ချက်ကို တက်ရောက်လာသူများအား ဆွေးနွေးတင်ပြသည်။ ထိုသို့ တင်ပြရာတွင် Agro-Bidiversity Institute (TABI) ၏ စီမံကိန်း လုပ်ငန်းကို အလေးပေးလျက် ပလပ်မြေပေါ်တွင် ရေရှည် ရွှေ့ပြောင်းသီးနှံစိုက်ပျိုးသော ဒေသများကို မြေပုံဆွဲ၍ပုံမှန်အသိအမှတ်ပြုကာဆောင်ရွက်လျက်ရှိကြောင်း တင်ပြသွားသည်။ မြန်မာနိုင်ငံတွင် လာအိုမှာကဲ့သို့ မြေယာအားလုံးကိုအန္တိမအနေနှင့်နိုင်ငံတော်ကပိုင်ဆိုင်လျက်ရှိသည်။

သမိုင်းအရ ကုန်းမြင့်ဒေသများတွင် လာအို အစိုးရ၏ မူဝါဒမှာ ရွှေ့ပြောင်းစိုက်ပျိုးမှု အလေ့အထကို ခိုင်မာအောင် လုပ်သည်။ ၎င်းအပြင် လုံးဝဖယ်ရှားပစ်သည် (stablise and eradicate) ကို လုပ်ဆောင်လျက် ရှိသည်။ သို့ရာတွင် မကြာသေးခင်က ဤမူ

ဝါဒ၏ အောင်မြင်မှု အနိမ့်ဆုံးအဆင့်ကို ပြန်လည် တန်ဖိုးဖြတ် ဆောင်ရွက်လျက်ရှိသည်။ TABI စီမံကိန်းနှင့် လယ်ယာသစ်တော ဝန်ကြီးဌာနတို့သည် သစ်တောနှင့် လယ်ယာမြေ အသုံးချရေး စီမံကိန်း (FALUP) ဖွံ့ဖြိုးတိုးတက်လာရေးတွင် တစ်စိတ်တစ်ဒေသ ပါဝင်ပတ်သက်လာသောကြောင့် ကုန်းမြင့်ဒေသ စိုက်ပျိုးရေး၏ အရေးပါမှုကို အသိအမှတ်ပြုကာ ပလပ်မြေတွင် ရေရှည်အလှည့်ကျ ကုန်းမြင့်ဒေသ စိုက်ပျိုးရေးအတွက် စဉ်ဆက်မပြတ် စီမံခန့်ခွဲရေးလုပ်ငန်း ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက် ထားလာသည်။

FALUP စနစ်တကျ ဖြစ်ပေါ်နေရေးအတွက် ကျေးရွာအဆင့်၌ ဆောင်ရွက်လာလျက် ထာဝရ သစ်တောမြေ (forest that has never been cleared) နှင့် ချုံနွယ်များ လွှမ်းမိုးနေသော ပလပ်မြေ ဧရိယာများကို ရွာသားများက ရှင်းလင်းခုတ်ထွင်၍ အလှည့်ကျ ရွှေ့ပြောင်းစိုက်ပျိုးမှုများကို လုပ်ဆောင်လာကြသည်။ ယင်းမှာ ထာဝရ သစ်တောမြေနှင့် ချုံနွယ်ထူထပ်သော ပလပ်မြေ ဧရိယာ (bush fallow areas) တို့၏ ခြားနားချက်ပင် ဖြစ်သည်။ နောက်ဆုံးအနေဖြင့် စီမံကိန်း နှစ်ခုစလုံးအတွက် အများနှင့်သက်ဆိုင်သော မြေယာလုပ်ပိုင်ခွင့်ကို ထုတ်ပေးရာတွင် (၁) ကုန်းမြင့်ဒေသ စိုက်ပျိုးရေးနှင့် ချုံနွယ်ထူထပ်သော ပလပ်မြေဇုန် (bush fallow zones) နှင့် (၂) တစ်သီးတစ်သန့် နေထိုင်သော လူမျိုးစုအတွက် သစ်တောဇုန် (community forest zones)၊ ယင်းနေရာတို့တွင် ဓလေ့ထုံးတမ်းစဉ်လာအရ မြေယာစီမံခန့်ခွဲမှု စနစ်နှင့်အညီ လုပ်ပိုင်ခွင့် လုံခြုံစိတ်ချရရေးအတွက် ရည်မှန်းချက်ထားရှိကာ ဆောင်ရွက်ပေးသည်။ မြေပုံရေးဆွဲပေးမှု၊ မှတ်ပုံတင်ပေးမှုတို့ကို ဆက်နွယ်ပတ်သက်နေသော ချဉ်းကပ်မှုဖြင့် ကျေးရွာနယ်နိမိတ်များကို သတ်မှတ်ပေးပြီး ပိုင်ဆိုင်ခွင့် စနစ်တကျဖြစ်ရေးသို့ ရှေးရှု၍ ရွှေ့ပြောင်း စိုက်ပျိုးရေးတွင် အသုံးပြုသော ပလပ်မြေများကို တရားဝင် ပေါင်းစည်းပေးလျက် ခွင့်ပြုပေးခဲ့သည်။ ဥပမာ ပေးရသော် အိမ်နီးချင်းနိုင်ငံအချို့နှင့် မတူဘဲ အများနှင့်သက်ဆိုင်သော ရပိုင်ခွင့်များဆိုင်ရာ ဤစနစ်သည် အထူးထင်ရှားရှိသော ဖြစ်ရပ်တစ်ခုအနေနှင့် စုစည်းပေးလျက် မှတ်ပုံတင်ခြင်း မပြုလုပ်ဘဲ မည်သည့် တိုင်းရင်းသားလူမျိုးစု သို့မဟုတ် ယဉ်ကျေးမှုအရ ရှိနေသော မျိုးနွယ်စုကို (ရွှေ့ပြောင်း စိုက်ပျိုး လုပ်ပိုင်ခွင့်) ထုတ်ပေးနိုင်သည်။

## ၄။ မြန်မာနိုင်ငံ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော မြေယာလုပ်ပိုင်ခွင့်နှင့် အလှည့်ကျ ပလပ်မြေပေါ်တွင် လယ်ယာစိုက်ပျိုးသော အလေ့အထများ

တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့အတောအတွင်း Kirsten Ewers Anderson မှ LCG ကိုယ်စား ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် သူမလုပ်ကိုင်ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းကို တင်ပြခဲ့သည်။ သုတေသနလုပ်ငန်းမှာ ပိုင်ဆိုင်မှု မှတ်ပုံတင်ထားချက်(cadasral) အရ အလှည့်ကျနှင့် ပလပ်မြေပေါ်ရှိ လယ်ယာများ မှတ်ပုံတင်ရေးကို မည်သို့မည်ပုံဖြစ်နိုင်အောင်ဆောင်ရွက်ရေးကိုခွဲခြားသတ်မှတ်ပြခဲ့သည်။ ထို့အပြင် ကြေးတိုင်နှင့် မြေစာရင်းဌာနနနှင့် ပူးပေါင်းဆောင်ရွက်လျက် ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်ဥပဒေ ပြဌာန်းထားချက် အကြောင်းကိုလည်း တင်ပြခဲ့သည်။ ချင်းပြည်နယ်မြောက်ပိုင်းတွင် ဆောင်ရွက်ခဲ့သော သုတေသနပြုချက်မှ တွေ့ရှိခဲ့ရသည်မှာ အလှည့်ကျနှင့် ပလပ်မြေရှိ လယ်မြေများကို အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်အရ စီမံခန့်ခွဲရာတွင် နှစ်စဉ်နှစ်တိုင်း မိသားစုများကို အဆိုပါနှစ်ကာလတွင် စိုက်ပျိုးရန် တောင်ပေါ်ဒေသတွင် မဲနှိုက်ကာ(lopil) ခွဲတမ်းချ၍ မြေကွက်များကို ဖြန့်ဝေပေးသည်။ အများနှင့်သက်ဆိုင်သော ပိုင်ဆိုင်မှုတွင် အချို့မိသားစုများသည် ၎င်းတို့ ခုတ်ထွင်ရှင်းလင်း၍ တိုးတက်မှု ရရှိလာသော သစ်သီးခြံများ၊ လှေကားထစ်တောင်ယာစိုက်ခင်းများ၊ မြေကွက်များကို ဘိုးဘွားပိုင်အဖြစ် ပုဂ္ဂလိက တရားဝင် တောင်းခံခွင့်ရှိသည်။ သို့ရာတွင် စည်းကမ်းနည်းလမ်းတစ်ရပ် အနေနှင့် မြေယာကို ညီတူညီမျှ ခွဲဝေခံစားနိုင်ပြီး ရွာထဲတွင် အမြဲနေထိုင်သော လူတိုင်းသည် လယ်ယာမြေချဉ်းကပ်ရယူနိုင်သော အခွင့်အရေး ရှိကြသည်။ ယနေ့ ချင်းပြည်နယ်မြောက်ပိုင်း ကျေးရွာများတွင် ပြည်တွင်း စည်းမျဉ်းဥပဒေအရ ခွဲဝေအုပ်ချုပ်ပုံမှာ ၁၉၃၀ နှစ်များအတွင်း ဖလမ်းတွင် နေထိုင်ခဲ့သော ဗြိတိသျှအရာရှိ H.N.C. Stevenson လေ့လာသုံးသပ် တင်ပြခဲ့ပုံနှင့် အလားတူပင် ဖြစ်သည်။ မြေယာခွဲဝေစီမံခန့်ခွဲပုံ စနစ်များမှာ ရှည်လျားသော သမိုင်းနောက်ခံရှိသည်။ Stevenson မှတ်ချက်ပြုထားသည်မှာ Klang ram (although communal) သည် တောင်ပေါ်ဒေသ အသီးသီးတွင်ရှိသော မြေကွက်အမျိုးမျိုးကို ဒေသတွင်းရှိ ဘိုးဘွားအစဉ်အလာအရ အသီးသီးသော ပုဂ္ဂိုလ်များက တရားဝင် တောင်းဆိုပိုင်ခွင့်ရှိကြောင်း၊ Bil ram (although private) သည် ခြုံငုံ၍ လူမျိုးစုအသိုက်အဝန်း၏ အခွင့်အရေးများစွာနှင့် ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် ဤအခွင့်အရေးမှာ ပုဂ္ဂလိက သီးသီးသန့်သန့်နှင့် ဆက်စပ်မှု မရှိပါ။ ချင်းပြည်နယ်မြောက်ပိုင်းရှိ ရွာတစ်ရွာ၏ မြေယာသည် အကွက်အမျိုးအစားပေါင်း ၁၈ မျိုး ရှိ၍ Lopil တစ်ကွက်

သို့မဟုတ် နှစ်ကွက်သာ သတ်မှတ်ထားသော နှစ်ကာလတွင် ဖွင့်ပေးပါက ပလပ်မြေ လုပ်ပိုင်ခွင့်ကို (၁၀)နှစ်ထိ ပေးထားနိုင်သည်။

မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်သော ဒေသတွင်း နည်းဥပဒေများမှာ တစ်ရွာနှင့်တစ်ရွာ မတူညီကြပေ။ ယင်းမှာ မြေသယံဇာတပေါ်များမှု၊ စုစုပေါင်း မြေဧရိယာ အရွယ်အစား၊ လူဦးရေသိပ်သည်းမှု၊ တိုင်းရင်းသားလူမျိုးစု အထောက်အထား၊ ယဉ်ကျေးမှု၊ မျိုးနွယ်စုအချင်းအရာ၊ ဆွေမျိုးတော်စပ်မှု၊ အမျိုးသမီးများ၏ အခြေအနေ၊ အများပိုင်ပစ္စည်းအတွင်း ပုဂ္ဂလိကမြေယာတောင်းခံမှု၊ အမွေဆက်ခံခြင်း၊ သတို့သမီးတန်ဖိုးများ (bride prices)၊ ကျေးရွာအဖွဲ့ဝင်များအကြား မြေယာအငှားချမှုဆိုင်ရာ လုပ်ငန်းများတို့အပေါ် မူတည်၍ ကွဲပြားခြားနားမှု ရှိသည်။

အနည်းဆုံး ရှမ်းပြည်နယ်၏ အချို့ဒေသများတွင် မြေယာကို အမိကအားဖြင့် တစ်ဦးတစ်ယောက် လုပ်ပိုင်ခွင့် (ဘွဲ့၊ ဂရန်ပုဒ်) တို့ဖြင့် ထိန်းချုပ်ထားသည်။ သို့စေကာမူ ရွာများသည် မိမိတို့၏မြေယာကို စုပေါင်းစီမံခန့်ခွဲကြသည်။ သုတေသီတို့ ပြောကြားချက်အရ ကျေးရွာသားများသည် ပလပ်မြေများ၊ ရွာနယ်နိမိတ်ရှိ မြေယာအပါအဝင် လယ်ယာမြေ အားလုံးအတွက် အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို အလိုရှိကြသည်။ လွန်ခဲ့သော ရာစုတွင် လေ့လာစောင့်ကြည့်မှုအရ ချင်းပြည်နယ်အတွင်း ခွဲဝေခံယူမှုမှာ အတူတူပင်ဖြစ်၍ ရွာနယ်မြေအတွင်းရှိ မြေယာ လက်လှမ်းမီမှုမှာ စံသတ်မှတ်ချက်အရ ရွာတွင် အခြေချနေထိုင်သူများသာ (လက်လှမ်းမီမှု) အခွင့်အရေးများ ရရှိသည်။ ထိုလူပုဂ္ဂိုလ်သည် ရွာ၌ နေထိုင်ရမည်ဖြစ်သည်။ ရှမ်းပြည်နယ်ရှိ ရှေ့ပြေးလမ်းပြဆောင်ရွက်နေသောရွာများ (pilot villages)တွင် ရေသွင်းစိုက်ပျိုးရေး လယ်မြေရှိသော လူတစ်ယောက်သည် ရွာမှ ထွက်ခွာသွားပါက မြေယာကို အကြီးအကဲများ၊ ရွာသူကြီးများ၊ တစ်ဆင့်ပြန်လည် ဖြန့်ဝေပေးသော ပုဂ္ဂိုလ်များသို့ ကျေးရွာ၏ အများပိုင်မြေအဖြစ် အပ်နှံရမည်။ ကျေးရွာအတွင်း ပိုင်နက်နယ်မြေကို တရားဝင်တောင်းခံမှုသည် တစ်ဦးချင်း တောင်းခံမှုဖြစ်၍ တောင်းခံမှု၏ တရားဝင်မှုမှာ ဖြုံငုံ၍ ကျေးရွာ၏ အများနှင့်သက်ဆိုင်သောမြေယာလုပ်ကိုင်မှုပေါ်တွင် အကျုံးဝင်လျက်ရှိသည်။ အဓိပ္ပာယ်သတ်မှတ်ချက်အရ အပြင်လူများအား ထည့်သွင်းစဉ်းစားခြင်း မပြုပါ။ မြေယာကို ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်မြေဟု ခေါ်ဆိုသည်။ အကြောင်းမှာ မြေယာသို့ ချဉ်းကပ်နိုင်သည့် အခွင့်အရေးများသည် ရွာတွင် နေအိမ် သို့မဟုတ် နေထိုင်သူများကိုသာ စံသတ်မှတ်၍ အခြေခံထားသည်။

စီမံကိန်း လမ်းကြောင်းတစ်လျောက် သုတေသီများသည် မိမိသွားရောက်ခဲ့သော ကျေးရွာများတွင် ဓလေ့ထုံးစံအရလုပ်ပိုင်ခွင့်အစီအစဉ်များ၏ပြည်တွင်းနည်းဥပဒေများကို မှတ်တမ်းတင်ခဲ့သည်။ ထို့အပြင် မြန်မာဘာသာစကားနှင့် ဒေသခံလူမျိုးစု၏ ဘာသာစကားများ နှစ်မျိုးစလုံးနှင့် သက်ဆိုင်သောနည်းလမ်း စည်းကမ်းများကို ထည့်သွင်းရေးသားခဲ့သည်။ ထို့ကြောင့် ကျေးရွာများမှအဖွဲ့ဝင်များသည် ဒေသတွင်း အစီအစဉ် လုပ်ထုံးလုပ်နည်းများကို ပြန်လှန်စစ်ဆေးနိုင်ကြပြီး ရေးသွင်းချက်များအပေါ် သဘောတူခဲ့ကြသည်။ ထို့ပြင် သုတေသီများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တင်ပြထားသော အသင်းအဖွဲ့အစည်းတစ်ခု အနေဖြင့် ရပ်ရွာအသိုက်အဝန်း၏ မေတ္တာရပ်ခံချက်ကို အသိအမှတ်ပြု၍ အကူအညီရရှိရန် ရွာခံ အသိုက် အဝန်းများ (local communities) နှင့် ပူးပေါင်းဆောင်ရွက်ကာ အနေအထားများကို တိုးတက်စေခဲ့သည်။

ဤသုတေသန တွေ့ရှိချက်များကို မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (Metta Development Foundation-MDF) မှ စိုင်းဆမ်ခမ်း (Sai Sam Kham) က တင်ပြချက်များကို ချီးကျူးခဲ့သည်။ MDF သည် ရှမ်းပြည်နယ်အတွင်း ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို ကာကွယ် အသိအမှတ်ပြုမှုနှင့် ပတ်သက်သော စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြခဲ့သည်။ တင်ပြချက်များသည် ရှမ်းပြည်နယ်အတွင်း MDF မှ ဆောင်ရွက်နေသောလုပ်ငန်းပေါ်အခြေခံ၍ case study များစွာကို ထူးခြားစွာ လုပ်ဆောင်နိုင်ခဲ့သည်။ ဤအသိုက်အဝန်းသည် အလှည့်ကျ ပလပ်မြေပေါ်တွင် လယ်ယာလုပ်ကိုင်နေကြသော စနစ်တစ်ခုအတွင်း ဇေ သုံးထောင်ခန့်ကို တာဝန်ယူ ဆောင်ရွက်နိုင်ခဲ့သည်။ လယ်ယာလုပ်ကိုင်ပုံစနစ်သည် ဒေသခံ လူများအတွက် စားနပ်ရိက္ခာ အထောက်အကူပြုမှုကို ပေးစွမ်းနိုင်ပြီး နယ်ခံမျိုးနွယ်စု လူထု၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကိုယ်စားပြုခြင်းခံရသည်။ သုတေသနလုပ်ငန်းက ပြသနိုင်ခဲ့သည်မှာ ဤရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော အလှည့်ကျ ပလပ်မြေပေါ်တွင် လယ်ယာလုပ်ငန်းစနစ်သည် သက်ရှိမျိုးစိတ်များကိုလည်းမြှင့်တင်ပေးနိုင်ခဲ့သည်။အကြီးစားရာဘာထုတ်လုပ်သူများသည် မြေယာသိမ်းဆည်းမှုမှတစ်ဆင့် ကျေးရွာ၏ မြေယာအချို့ကို ရရှိသွားကြသည်။ ဒေသခံ အသိုက်အဝန်းသည် ယင်းတို့၏ ယခင်လယ်ယာလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန် ယခု ရုန်းကန်နေကြရသည်။ ထို့အပြင် ထင်းမီးလောင်စာ ရရှိရေးနှင့် နေအိမ်များ ဆောက်လုပ်ရန် သစ်ရရှိရေးတို့

အတွက် အားစိုက်နေကြရသည်။ အခြေအနေ တင်ပြသူများက ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လယ်ယာလုပ်ငန်း အလေ့အကျင့်များကို ကာကွယ်ရန် လိုအပ်ကြောင်း အလေးအနက် ထုတ်ဖော်တင်ပြကြသည်။ ယင်းတို့နှင့် ဆက်စပ်နေသည့် အလှည့်ကျပလပ်မြေတွင် လယ်ယာစိုက်ပျိုးမှုကဲ့သို့သော လုပ်ငန်းများမှာ များစွာသော တိုင်းရင်းသားမျိုးနွယ်စုများ ဖြစ်ကြသော Pan New Community အတွက် ပဓာနကျလျက်ရှိသည်။

ကရင်ပတ်ဝန်းကျင်နှင့်လူမှုရေးဆောင်ရွက်မှုကွန်ယက် (Karen Environment and Social Action Network) မှ ကိုယ်စားလှယ်တစ်ဦးက ကရင်လူမျိုးစု အသိုက်အဝန်းအတွင်း ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ငန်းအလေ့အကျင့်များကို ခြုံငုံ၍ တင်ပြသွားသည်။ ကောကရင်တို့၏ အလေ့အထ (Pratice of Kaw)များကို အထူး အလေးပေး တင်ပြသွားသည်။ ကရင်ဘာသာဖြင့် Kaw ဆိုသည်မှာ ပထဝီအနေအထား၊ ဒေသဖြစ်၍ အဆိုပါ အသိုက်အဝန်း၏ ဘိုးဘွားပိုင်နှင့် စိတ်ဓာတ်ရေးရာ ရစ်နွယ်ပတ်သက်နေသော နယ်မြေကို ရည်ညွှန်းသည်။ ထို့အပြင် Kaw သည် လူမျိုးစု အသိုက်အဝန်းက လူမျိုးစု အသိုက်အဝန်းအတွက် သယံဇာတများ စီမံခန့်ခွဲပုံစနစ်ပေါ် အခြေခံထားသော အသိုက်အဝန်းကိုလည်း ဖော်ညွှန်းသည်။ ရပ်မိရပ်ဖများ၊ ရပ်ရွာအကြီးအကဲများက ကမကထပြုလုပ်သည့် လူမျိုးစု အစည်းအဝေးများတွင် အသိုက်အဝန်း အိမ်ထောင်စုအဆင့်၌ မြေယာကို မည်သို့ တာဝန်ခွဲဝေ သတ်မှတ်ပေးသင့်သည်၊ မည်သို့ စီမံခန့်ခွဲပေးသင့်သည် စသည်တို့ကို ဆုံးဖြတ်ချက်များ ချမှတ်ပေးသည်။ လူမျိုးစု အသိုက်အဝန်းအတွင်း မြေယာအသုံးပြုမှုဆိုင်ရာ ကွဲပြားခြားနားသော အခင်းအကျင်း (diverse array) ရှိရာ အလှည့်ကျ (ပတ်လည်)စိုက်ပျိုးမှုတို့ ပါဝင်သည်။ ပုဂ္ဂလိကတစ်ဦးချင်း အသုံးချနိုင်သော အခွင့်အရေးများတွင် စိုစွတ် ရာသီစပါးစိုက်ပျိုးမှု၊ ရေဝပ်ပိုင်း စပါးစိုက်ပျိုးမှု (wet paddy cultivation) နှင့် ဥယျာဉ်ခြံမြေလုပ်ငန်းတို့ ပါဝင်ရာ ဤကဲ့သို့လုပ်ငန်းတာဝန် ဆောင်ရွက်မှုအလေ့အကျင့်များကို အိမ်ထောင်စုဝင်များအား တာဝန်ပေးထားလေ့ ရှိသည်။ ဘောင်သတ်မှတ်ကာ ဆွေးနွေးမှု (၁၀) ကြိမ်အတွင်း အုပ်စုလိုက် မေးလိုက်၊ ဖြေလိုက် ဆွေးနွေးမှု (panel discussion) တို့အတွက် ကရင်လူမျိုးစုခေါင်းဆောင်များက မှတ်ချက်ပေးထားသည်မှာ Kaw ကရင်များ၏ အလေ့အထနှင့်ပတ်သက်၍ ရိုးရာဓလေ့ထုံးစံအရ မြေယာစီမံခန့်ခွဲမှုစနစ်များကို ယင်းတို့အပေါ်၌ ချမှတ်ပေးရာတွင် အခက်အခဲတွေ့ရသည်။ တစ်ဦးချင်း၏ လုပ်ပိုင်ခွင့်ကို ဒေသဆိုင်ရာ အဖွဲ့အစည်း အသိုက်အဝန်းမှ ဝယ်ယူ၍ မရနိုင်ပေ။ အကြောင်းမှာ မြေယာ (commodification)ကို ထိုသို့ ဆောင်ရွက်ခြင်းဖြင့် လူမျိုးစုအသိုက်အဝန်းမှကင်းကွာသွားလိမ့်မည်။ ထို့ပြင် မြေယာနှင့်ပတ်သက်၍ ဒေသခံများ၏ ယုံကြည်မှုလျော့နည်းသွားပြီး တင်းမာ ခက်ထန်သွားနိုင်သည်။ ထပ်လောင်း၍ မြေယာစီမံ ခန့်ခွဲရေးတွင် ကျေးရွာ၌လည်းကောင်း၊ လူမျိုးစု အသိုက်အဝန်း၌လည်းကောင်း သို့မဟုတ် အများနှင့်သက်ဆိုင်ပြီး တစ်ဦးချင်း မြေယာအသုံးပြုမှုတို့တွင် စုပေါင်း၍ မြေအသုံးချမှုကို အများသဘောတူ ဆုံးဖြတ်ချက်ချမှတ်ရာ၌ တင်းမာမှုများ ဖြစ်ပေါ်လာမည်။

နောက်ပိုင်းတွင် အများပြည်သူဆိုင်ရာ လူမှုရေးအဖွဲ့အစည်းမှ ဦးဇော်ဝင်းဖြိုး၏ တင်ပြချက်တစ်ခုတွင် တိုင်းရင်းသားလူမျိုးစုများအတွက် သယံဇာတသုံးစွဲမှု အခွင့်အရေးများသည် နာဂဒေသတွင် ဓလေ့ထုံးတမ်းစဉ်လာအရ မြေယာလုပ်ပိုင်ခွင့် အလေ့အကျင့် တွေ့ရှိချက်များနှင့် အကျုံးဝင်လျက်ရှိသည်။ ပါဝင်ပတ်သက်သည့် တင်ပြလာသော အကြောင်းအရာ ခေါင်းစဉ်များတွင် ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်စနစ်၊ မြေအမျိုးအစား၊ မြေယာရရှိမှု၊ မြေယာအငြင်းပွားမှုအတွက် ပဋိပက္ခများကို ဖြေရှင်းပေးရေးယန္တရား၊ ဓလေ့ထုံးစံအရ မြေယာလုပ်ပိုင်ခွင့် အလေ့အကျင့်နှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။ ထပ်မံ၍ နာဂ ကိုယ်ပိုင်အုပ်ချုပ်ရေးဇုန်တွင် ရွှေ့ပြောင်းစိုက်ပျိုးမှုနည်းစနစ်များလွှမ်းမိုးနေခြင်းကို အလေးပေးတင်ပြသွားသည်။ Jhum သို့မဟုတ် ရွှေ့ပြောင်း(တောင်ယာ)စိုက်ပျိုးမှုသည် နာဂဒေသအတွင်း အခြားသူများက လက်တွေ့ဆောင်ရွက်နေသော လယ်ယာစိုက်ပျိုးရေး၏ နည်းလမ်းတစ်ရပ်ဖြစ်သည်။ Jhum သည် အိမ်ထောင်အဆင့်တခုတွင် တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း နှစ်ခုစလုံးကို လက်တွေ့ဆောင်ရွက်လျက်ရှိသည်။ ဥပမာအားဖြင့် ရွာများ၊ မျိုးနွယ်စုရိုးရာတူလူစုများ (clans)အကြား ပေးအပ်ထားသော ရွာပိုင်နက်နယ်မြေအတွင်း ယင်းကဲ့သို့ ဆောင်ရွက်လျက်ရှိသည်။ သတ်မှတ်ပိုင်းခြားထားသော Jhum မြေယာသည် လက်တွေ့ဆောင်ရွက်ပုံအရ ရွာထဲရှိ အိမ်ထောင်စုအသီးသီးအတွက် (အမြင်)ရှင်းလျက်ရှိသည်။ ရွှေ့ပြောင်းစိုက်ပျိုးမှု၏ ဤပုံစံအရ အစားထိုးသီးနှံများ၊ ဟင်းသီးဟင်းရွက်များကို သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သော် အိမ်မွေးတိရိစ္ဆာန်ကိုကျွေးရန် Jhum မြေတွင် စိုက်ပျိုးကြသည်။ နာဂလူမျိုးများအတွင်း အများအားဖြင့် ယုံကြည်ထားကြသည်မှာ သီးနှံပတ်လည်စနစ်ဖြင့် စိုက်ပျိုးမှုသည် မြေဩဇာဖွံ့ဖြိုးခြင်းကို အကျိုးဖြစ်ထွန်းစေသည်ဟု ယူဆခြင်းပင်ဖြစ်သည်။

## ၅။ မြန်မာနိုင်ငံရှိ ဥပဒေမူဘောင်

USAID မှ Roobert Oherndorf က တင်ပြလာသော ကဏ္ဍတစ်ရပ်တွင် မြေယာလုပ်ပိုင်ခွင့်နှင့် အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်အစီအစဉ်များကို ပုံမှန် အသိအမှတ်ပြုရေးအတွက် ရုပ်လုံးဖော်ဆောင် ရွက်ရေးနှင့်ဆက်စပ်လျက် လက်ရှိဥပဒေမူဘောင်ကို ခြုံငုံ တင်ပြသည်။ တင်ပြချက်များတွင် လက်ရှိဥပဒေမူဘောင် အခန်းကဏ္ဍ၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအရ အသိအမှတ်ပြုထားမှု၊ မရွှေ့ပြောင်းနိုင်သောမြေယာ၊ ပစ္စည်းဥစ္စာများကို ကာကွယ်ထားရှိမှု၊ အလွန်အရေးကြီးသော ဥပဒေထုတ် ပြန်ထားချက်များ၊ အခြားအာဆီယံနိုင်ငံများတွင် တွေ့ရသော ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ ပြဌာန်းချက်များနှင့် နှိုင်းယှဉ်သုံးသပ်တင်ပြမှု၊ သုံးစွဲသည့်ဘာသာစကား စသည်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ တင်ပြသွားသည်။ ထို့ပြင် လက်ရှိဥပဒေမူဘောင်တွင် တွေ့ရှိနေရသော အခြားဥပဒေရေးရာ အချက်အလက်များ၊ ဓလေ့ထုံးတမ်းစဉ်လာအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရေးတွင် အသုံးပြုထား သောအရာများတို့ကို ဆွေးနွေးတင်ပြသွားသည်။ ဆွေးနွေးတင်ပြရာတွင် ပါဝင်လာသော အချက်အလက်များမှာ အဖွဲ့အစည်းများ မှတ်ပုံတင်ရေး၊ ဥပဒေတွင် တွေ့ရသော ပြဌာန်းချက် များ၊ လယ်ယာမြေဥပဒေ၊ သစ်တောဥပဒေ၊ သက်ဆိုင်ရာ အသိုက်အဝန်းနှင့် ဆက်စပ်နေသော သစ်တောရေးရာ ညွှန်ကြားချက်များ၊ မြေလွတ်၊ ပလပ်မြေနှင့် မြေရိုင်းဥပဒေများတို့ကို ထည့်သွင်းဆွေးနွေးသွားသည်။ ပြဌာန်းထားသော ဥပဒေနှင့်ပတ်သက်သည့် အချက်အလက်များတွင် ဆက်စပ်လျက်ရှိသော အားနည်းချက်၊ အားသာချက်များကိုလည်း စူးစမ်းလေ့လာ တင်ပြထားသည်။ မြန်မာနိုင်ငံရှိ လက်ရှိဥပဒေမူဘောင်သည် ဓလေ့ထုံးတမ်းစဉ်လာအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို ပုံမှန်အားဖြင့် အသိအမှတ်ပြု ကာကွယ်ထားရန် ရှင်းလင်းပြတ်သား သောရည်မှန်းချက်ဖြင့် လုံလောက်စွာ စီစဉ်သတ်မှတ်ထားကြောင်း ကောက်ချက်ချ သုံးသပ်တင်ပြခဲ့သည်။ Mr. Oberndorf က ဓလေ့ထုံးစံအရ အများနှင့် သက်ဆိုင်သော မြေယာလုပ်ပိုင်ခွင့်၊ အခွင့်အရေးများကို ပုံမှန် ကာကွယ် အသိအမှတ်ပြုကာ တိတိကျကျ ပုံစံရေးဆွဲထားသော ဥပဒေသစ်စက်ယန္တရားကို အကျိုးသင့် အကြောင်းသင့် ဆွေးနွေးတင်ပြခဲ့ရာ၌ မြန်မာနိုင်ငံအနေနှင့် ရှေ့နောက်ဆက်စပ်မှုရှိရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့သော စက်ယန္တရားမျိုးသည် မြန်မာနိုင်ငံရှိ လူမျိုးစု၊ အုပ်စုများ၏ လိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရန် အလျော့အတင်း၊ ဆုတ်သာတက်သာရှိရန် လိုကြောင်း၊ ထို့အပြင် အသိုက်အဝန်းများက အသုံးပြုသော မြေယာကိစ္စတွင် အချိန်နှင့်တပြေးညီပြောင်းလဲမှုများနှင့်လိုက်လျောညီထွေရှိစေရန်အတွက်ပြင်ဆင်ညှိနှိုင်းရန်လိုကြောင်းထောက်ခံတင်ပြထားသည်မှာ နောင်လာမည့် အမျိုးသား မြေယာ ဥပဒေ၏ ကျယ်ပြန့်မှုတွင် ပုံမှန်ဥပဒေအရ အသိအမှတ်ပြုခံရခြင်း၊ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို အကာအကွယ်ပေးခြင်းတို့ကို အထောက်အကူပြုပေးနိုင်သည့် ဘာသာစကား ပါဝင်သည့် ကဏ္ဍတစ်ခု ပါဝင်သင့်ကြောင်းတို့ကို တင်ပြသွားသည်။

## ၆။ အစုအဖွဲ့ဖြင့်ပြုလုပ်သောအစည်းအဝေး

*ဒုတိယနေ့ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများကို အုပ်စု (၄)စုခွဲ၍ ခေါင်းစဉ်များကို ရွေးချယ်ကာ အသေးစိတ် ဆွေးနွေးရန် စီစဉ်သည်။ ဤဆွေးနွေးပွဲမှ ဆွေးနွေး၍ ရရှိလာသော အဓိကအကြောင်းအချက်များကို အောက်ပါအတိုင်း အကျဉ်းချုံး ကောက်ချက်ချထားခဲ့သည်။*

### လက်ရှိဥပဒေမူဘောင်အတွင်းမှ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်

လက်ရှိဥပဒေမူဘောင်သည် မြေအသုံးချမှုမျိုးစုံကို အသိအမှတ်ပြုရန်နှင့် အများနှင့်သက်ဆိုင်သော ပိုင်ဆိုင်မှုကို ခွဲခြားသတ်မှတ်ရန် အကြောင်းအရာ အချက်အလက်များ ချို့တဲ့လျက်ရှိသည်။ လက်ရှိဥပဒေများသည် မြေယာအသုံးချမှု အမျိုးမျိုးကို ပွင့်လင်းမြင်သာမှုရှိရန် ဥပဒေကိုပြင်ဆင်ရန် လိုအပ်နေသည်။ နာဂဒေသ တစ်ခုတည်းမှာပင် အတန်းအစား (၆) မျိုးမှ (၁၁)မျိုးထိ ကွဲပြားခြားနားမှုရှိရာ ယင်းတို့အနက် တစ်ခုကိုမျှ လက်ရှိပြဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြထားမှု မရှိပါ။ ဥပဒေမူဘောင်အတွင်းမှ (လူမျိုးစု) အသိုက်အဝန်းများသည် ယင်းတို့၏ အများနှင့်သက်ဆိုင်သော မြေယာပိုင်ဆိုင်မှုကို အလိုရှိလျှင် မြေယာကို မည်သို့ ပိုင်ဆိုင်ကြောင်း ပြသရမည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြမထားပါ။ မြေယာဥပဒေ သို့မဟုတ် အဖွဲ့အစည်းဥပဒေအရ ယင်းနှစ်ခုစလုံးကို ဤရည်ရွယ်ချက်အတွက် ပြဌာန်းရေးဆွဲထားခြင်း မရှိသော်လည်း ပိုင်ဆိုင်မှုကို မှတ်ပုံတင်ရန် ဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ဥပဒေအဆောက်အအုံက ယင်း၏ အခွင့်အရေးများကို မည်သို့အဓိပ္ပာယ်ဖွင့်ဆိုထားသည် ဆိုသောအချက်အား

သတ်မှတ်ပေးထားခြင်း မရှိပေ။ (ဥပမာ - အဖွဲ့ဝင်များသည် အသိုက်အဝန်းထဲသို့ မည်သို့ ဝင်ရောက်နိုင်သည်။ မည်သို့ ထွက်သွားနိုင်သည်။ အသိုက်အဝန်း အဖွဲ့ဝင်များအကြားမှာ အခွင့်အရေးများကို မည်သို့ သတ်မှတ်ပေးထားသည်။)

ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရေးအတွက် အကောင်အထည် ဖြစ် ပေါ်လာရန် ကြားဝင်ဆောင်ရွက်ပေးရမည့် ခြေလှမ်းများကို ချမှတ်ပေးရန် လိုအပ်လျက်ရှိသည်။ မြေယာအသုံးချမှုကို ဒေသဆိုင်ရာ အသိုက်အဝန်းပါဝင်လျက် ပူးပေါင်းလုပ်ဆောင်ကာ မြေပုံများရေးဆွဲပေးရန် လိုအပ်လျက်ရှိသည်။ မြေအသုံးချမှုကို တစ်ကြိမ် မြေပုံရေးဆွဲပြီးပါက မြေယာစီမံခန့်ခွဲရေးနှင့် မြေယာခွဲဝေရေး အတွက် အသိုက်အဝန်း၏ ပြည်တွင်း၌ အသုံးချရန် နည်းဥပဒေများအနက် တစ်စိတ်တစ်ဒေသအနေနှင့် အများသိရှိနားလည်သော အတန်းအစား ခွဲခြားမှုစနစ်တစ်ရပ်ကို ပြဌာန်းပေးနိုင်သည်။ စနစ်တစ်ခု ပြဌာန်းချက်ကို သဘောတူရမည့်အပြင် ကျေးရွာကော်မတီ အဖွဲ့ကိုလည်း ယင်းအတန်းအစား ခွဲခြားသတ်မှတ်မှုအား ကြီးကြပ်ဆောင်ရွက်ရန်အတွက် ရွေးကောက်တင်မြှောက်ထားရမည်။(လက်ရှိအေဂျင်စီသော်လည်းကောင်း၊ အေဂျင်စီ အသစ်သော်လည်းကောင်း ဤရည်မှန်းချက် ရရှိအောင် ဖန်တီးရမည်။)

ဓလေ့ထုံးစံအရ မြေယာလုပ်ပိုင်ခွင့် အလုပ်အမှုဆောင် ကော်မတီတစ်ရပ်က ကြီးကြပ်၍ ယခင်ရှိပြီးသား မူဝါဒအရ ဆုံးဖြတ်ချက်ချထားမှုသည် ကျိုးကြောင်းညီညွတ်မှုရှိရန် လိုသည်။ ယခုဆွေးနွေးကြသော အဖွဲ့သည် ဤကဲ့သို့သော ကော်မတီမျိုး ဖန်တီးမှုကို ထောက်ခံသည်။

## အမျိုးသားမြေယာအသုံးချမှုမူဝါဒတွင် ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်

လက်ရှိ NLUP မူကြမ်း အပိုင်း (၇) တွင် ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုထားပြီး မူကြမ်း၏ နောက်ထပ်တိုးတက်လာရေးတွင် အသိုက်အဝန်း၏ အမည်နာမဖြင့် မှတ်ပုံတင်ထားနိုင်သော မြေယာအသုံးပြုမှု နည်းစနစ်တစ်ခုအနေနှင့် အလှည့်ကျလုပ်ကိုင်သော တောင်ယာကိုလည်း ရှင်းလင်းပြည့်စုံစွာ ဖော်ပြထားမှုများ ပါဝင်သည်။ အလှည့်ကျ တောင်ယာလုပ်ငန်းသည် အများနှင့်သက်ဆိုင်သော မြေယာစီမံခန့်ခွဲမှု၏ ကျယ်ပြန့်စွာ လက်တွေ့ ဆောင်ရွက်နေသော ပုံစံတစ်ခုဖြစ်သည်။ ဒေသခံလူမျိုးစု၏ ဓလေ့ထုံးစံများနှင့် အလေ့အကျင့်များကို အဓိပ္ပာယ်ရှိရှိ အသိအမှတ်ပြုရန်မှာ မူဝါဒများသည် ဤ အလှည့်ကျ စိုက်ပျိုးစနစ်၏ အလေ့အကျင့်များကို အသိအမှတ်ပြုထားရပေမည်။

ဤအုပ်စုအဖွဲ့သည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် သက်ဆိုင်သော အစီအမံများကို ဖုန်အလိုက် သတ်မှတ်ထားသော စည်းကမ်းနည်းလမ်းများ သို့မဟုတ် မြေယာအတန်းအစား ခွဲခြားထားမှုမှတစ်ဆင့် အကောင်းဆုံး အသိအမှတ်ပြု၍ဖြစ်စေ၊ အုပ်စုသည် ထူးခြားသော အချိန်ကာလ အတိုင်းအတာတစ်ခု အရ အခြေအတင် ဆွေးနွေးတင်ပြခဲ့သည်။ ဖုန်သတ်မှတ်ချက်ဖြင့် မြေယာအသုံးချမှုသည် အုပ်ချုပ်ရေးတွင် လွယ်ကူစေမည် ဖြစ်သည်။ တစ်စုံတစ်ခုသော နည်းလမ်းဖြင့် ဖုန်သတ်မှတ်ထားသော ဒေသတစ်ခုတွင် မြေယာအတန်းအစား ခွဲခြားထားမှုများစွာ ပါဝင်နိုင်သည်။ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်အတွက် ဖုန်အပိုင်းအခြားအတွက် သတ်မှတ်ထားသော ဒေသတစ်ခုအတွင်း ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော မြေယာအသုံးချမှု အမျိုးမျိုးကို လက်တွေ့ကျင့်သုံးနိုင်သည်။ တစ်နည်းအားဖြင့် အတန်းအစား ခွဲခြားထားမှု ပုံစံအသစ်တစ်မျိုးသည် အကယ်၍ ယခင်က မြေပုံရေးဆွဲထားမှု ပါဝင်ခဲ့သော် ပိုမိုတိုးတက်သော မြေယာလုပ်ပိုင်ခွင့်ကို လုံခြုံစေမည်။ ဖုန်သတ်မှတ်၍ အုပ်ချုပ်မှုဖြင့်လည်းကောင်း၊ သို့မဟုတ် မြေယာအတန်းအစား ခွဲခြားမှုစနစ်ကို တိုးချဲ့၍လည်းကောင်း မြေအသုံးချအုပ်ချုပ်မှု ကော်မတီများသည် ယင်းတို့အတွင်း ခွဲခြားသတ်မှတ်မှု၊ အသိအမှတ်ပြုမှုနှင့် မြေအတန်းအစားခွဲခြားထားမှုကို ကာကွယ်မှု လုပ်ငန်းစဉ်များကို စီမံအုပ်ချုပ်မှုများကို ဖန်တီးနိုင်သည်။ ဤကဲ့သို့သော ဖုန်သတ်မှတ်ချက်ကို ကြိုတင်၍ မြေပုံရေးဆွဲထားခြင်းသည် အများနှင့်သက်ဆိုင်သော မြေယာလုပ်ကွက်များအတွက် တရားဝင် အုပ်စုဖွဲ့၍ မှတ်ပုံတင်ခြင်းတို့ကို နောက်ပိုင်းတွင် အကြောင်းကြားထားနိုင်သည်။

## ဆုံးဖြတ်ချက်ချခြင်း၊ ဓလေ့ထုံးစံအရ မြေယာနှင့်ပတ်သက်၍ အငြင်းပွားမှုကို ဖြေရှင်းပေးခြင်း

ပတ်ဝန်းကျင်တစ်ဝက်ရှိ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော မြေယာအသုံးချမှုတွင် တွေ့ရသော မြေယာဆုံးရှုံးမှု အငြင်းပွားမှုများကို ထိန်းချုပ်ရန် ကာလတို မဟာဗျူဟာများကို ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ အချို့အုပ်စု အဖွဲ့ဝင်များက အကြံပြုတင်ပြလာသည်မှာ သက်ဆိုင်ရာ လူမှုအသိုက်အဝန်းများသည် ကမ္ဘောဒီးယားတွင် ဆောင်ရွက်သကဲ့သို့ မိမိတို့၏မြေယာကို ရောင်းချခြင်းမပြုရန် သဘောတူထားရမည်။ မြေယာသိမ်းဆည်းမှုများမှာ အစိုးရ လုပ်ထုံးလုပ်နည်း၏ တစ်စိတ်တစ်ဒေသ ဖြစ်၍ မြေယာနှင့် ကင်းကွာသွားခြင်း (alienation)ကို ဆန့်ကျင်၍ ကာကွယ်ရေး၊ အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် အသိုက်အဝန်းများသည် အစိုးရနှင့် စေ့စပ်ညှိနှိုင်းခြင်းဖြင့် အဖြေရှာသင့်သည်။ အရေးကြီးလာသည်မှာ လူမှုအသိုက်အဝန်းများသည် အသိမ်းခံထားရသော မြေယာများအတွက် လုံလောက်

သော လျော်ကြေးရရှိရေးပင် ဖြစ်သည်။ ထို့သို့ ဆောင်ရွက်ရာတွင် အသိုက်အဝန်း၏ ပဋိပက္ခများသည် ချေမှုန်းခံရလိမ့်မည် (quell)။ လူမျိုးစုဒေသများတွင် လယ်မြေသိမ်းဆည်းမှုနှင့်ပတ်သက်၍ ရေတို (moratorium) သည် ငြိမ်းချမ်းရေးဖြစ်စဉ် (peace process) ကို လွယ်ကူချောမောစေရန် ဖြစ်သည်။ ထို့ပြင် နောက်ထပ် ပဋိပက္ခများ ထပ်မဖြစ်ပွားရန် အာမခံ ချက်ရရှိရေးပင်ဖြစ်သည်။

မြေယာပဋိပက္ခများကို တားဆီးရန် အရေးယူဆောင်ရွက်ယူဆောင်ရွက်မှုများ၊ အမှန်ပင် လုပ်ဆောင်သင့်သည်။ အစိုးရနှင့် ပူးတွဲဆောင်ရွက်မှု၊ (buy-in) နှင့်သက်ဆိုင်သော မြေယာမြေပုံရေးဆွဲမှုတွင် ပါဝင်မှုတို့မှာ ဤရည်မှန်းချက်ကို အထောက်အကူပြုသည်။ လူမျိုးစုများသည် မြေအသုံးချ စီမံကိန်းတွင်လည်း ပါဝင်ဆောင်ရွက်သင့်သည်။ အနည်းဆုံး စံသတ်မှတ်ချက်များကို သို့မဟုတ် နည်းလမ်းများနှင့် လူမျိုးစုလုံခြုံရေးကို ဥပဒေပြဌာန်းဆောင်ရွက်ပေးသင့်သည်။

လက်ရှိ ပဋိပက္ခများသည် ဓလေ့ထုံးစံအရ ပိုင်ဆိုင်ခွင့် အလေ့အကျင့်များကို မှားယွင်းစွာ နားလည်မှုမှ မကြာခဏ ပေါ်ပေါက်လာသည်။ ယင်းဖြစ်စဉ်များကို ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော အလေ့အကျင့်များကို ဥပဒေ မူဘောင်အတွင်းမှ နားလည်မှုကို တိုးပွားစေခြင်းဖြင့် ရင်ဆိုင်ဖြေရှင်းသင့်သည်။ ထို့အပြင် မျိုးနွယ်စုအသိုက်အဝန်းအား အခြေခံထားသော အငြင်းပွားမှု ဖြေရှင်းရေး ယန္တရား (အဆောက်အအုံ) အနေနှင့် လေ့လာစူးစမ်းကာ အများသဘောတူ ရွေးချယ်သတ်မှတ်ပေးခြင်းဖြင့် ဆောင်ရွက်သင့်သည်။ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော ဂေဟစနစ်နှင့် လူမှုရေးရာဆက်နွယ်မှုများကို ဒေသတွင်း လူအများလက်လှမ်းမီအောင် ဆောင်ရွက်ပေးသင့်သည်။

နိုင်ငံတွင်းရှိ အချို့ဒေသများတွင် ဓလေ့ထုံးစံစနစ်များ တစ်ခုနှင့်တစ်ခု ထပ်နေတတ်သည်။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တွေ့ရှိရသည့် ဓလေ့ထုံးစံစနစ်များသည် အမြဲတမ်းတူညီမှုမရှိကြပါ။ သို့ရာတွင် မျိုးနွယ်စု အသိုက်အဝန်းများ လုံခြုံစိတ်ချရရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်။ နိုင်ငံတော်တရားရုံးစနစ်အတွင်း အရပ်ဒေသ နယ်ခံ ဓလေ့ထုံးစံများမှာ နားလည်မှု အလွန်နည်းပါးနေ၍ မြေယာကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ရမှုမှာ တရားဥပဒေဆိုင်ရာ အခွင့်အာဏာအရပင် ဖြစ်သည်။ တရားရုံးများသည် ဒေသဆိုင်ရာအဆင့် (regional level, not local level)၊ အပြန်အလှန် အငြင်းပွားမှု ဖြေရှင်းရေးစက်ယန္တရားများသည် ဓလေ့ထုံးစံနှင့် နိုင်ငံ့ဥပဒေကို သဟဇာတဖြစ်အောင် ဆောင်ရွက်ရန် လိုသည်။ သို့ရာတွင် ဖြေရှင်းရေးယန္တရားများသည် မြေယာနှင့်သက်ဆိုင်သော အမျိုးမျိုးသော မတူကွဲပြားသော ဓလေ့ထုံးစံစနစ်များကို နားလည်ရန် လိုအပ်နေသည်။ ယင်းတို့သည် မိမိတို့၏ အမှီအခို ကင်းရေးနှင့် ထိရောက်မှုရှိရေးအတွက် အာမခံချက်ရရှိရန် ယန္တရားများကို ပြန်လည်သုံးသပ်ရန် လိုအပ်နေသည်။

## ဓလေ့ထုံးစံအရ မြေပုံရေးဆွဲခြင်းနှင့် အတန်းအစား ခွဲခြားသတ်မှတ်ခြင်း

ဆွေးနွေးသောအုပ်စုသည် ပထမမြေယာ မြေပုံရေးဆွဲခြင်း၏ အကျိုးသက်ရောက်မှုများကို ဆွေးနွေးခဲ့ကြသည်။ မြေပုံသည် တိကျသော နယ်နိမိတ်အတိုင်းအတာများကို ပေး၍ မြေအတန်းအစား ခွဲခြားသတ်မှတ်မှုဖြစ်စဉ်ကို အထောက်အကူဖြစ်စေနိုင်သည်။ မြေပုံများရှိနေမှုသည် မြေယာမှုခင်းများကို ဖြေရှင်းပေးရာ၌ ပံ့ပိုးမှုပေးသည်။ ထို့ပြင် မြေယာသိမ်းဆည်းမှုကို ထိန်းချုပ်ပေးနိုင်သည်။ ထပ်လောင်း၍ မြေအသုံးချသူများသည် သူတို့၏မြေယာကို မှတ်ပုံတင်ရန် အားထုတ်သောအခါ လက်ရှိမြေပုံများသည် မိမိ၏ တောင်းခံမှုများကို အထောက်အကူပြုနိုင်သည်။ အထူးသဖြင့် ရှိနေပြီးဖြစ်သော မြေယာမြေပုံသည် ဒေသခံ အသိုက်အဝန်းကို အားဖြည့်ပေးရာ၌ ထပ်လောင်း အကျိုးပြုပေးနိုင်သည်။ ဘိုးဘွားပိုင်မြေဟူသော ဝေါဟာရသည် မြန်မာနိုင်ငံနှင့်ဆက်စပ်နေသော ယူဆချက်အတွင်း ပိုမိုတိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်လျက်ရှိသေးသည်။ ယင်းတွင် ဘိုးဘွားပိုင် တောင်းခံမှုများကို အသိအမှတ်ပြုလျက် အသိုက်အဝန်းကို အားဖြည့်ပေးနိုင်သည့်အပြင် မြေပုံရေးဆွဲပေးထားခြင်းဖြင့် (community buy-in) ကိုလည်း ဖန်တီးပေးနိုင်သည်။

မြေယာမြေပုံရေးဆွဲခြင်း လုပ်ငန်းတစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုအမျိုးမျိုးကိုလည်း ကြုံကြိုက်တွေ့ရှိနိုင်သည်။ သက်ဆိုင်ရာ အသိုက်အဝန်းများအတွက် နည်းပညာရရှိနိုင်မှု၊ ၎င်းတို့အတွက် နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်သတ္တိတို့မှာ မြေပုံရေးဆွဲရာ၌ ပါဝင်နိုင်ရန် စွမ်းဆောင်မှု ကန့်သတ်ချက်များ ရှိနေသည်။ မြေပုံရေးဆွဲစဉ် နယ်နိမိတ်ပိုင်ဆိုင် အငြင်းပွားမှုများ ပေါ်ပေါက်နိုင်သည်။ မြေပုံရေးဆွဲမှုကို မည်သို့ဆောင်ရွက်ရမည်ဆိုသည့် အချက်နှင့်ပတ်သက်သည့် အထွေထွေ လမ်းညွှန်ချက်များကို သဘောတူညီထားရမည်။ တစ်ချိန်တည်းမှာပင် ဤသို့ ရေးဆွဲရာတွင် ဒေသအသီးသီး၊ အနေအထားအမျိုးမျိုးနှင့် သင့်လျော်လိုက်ဘက်မှု ရှိသင့်သည်ဆိုသောအချက်ကို ထည့်သွင်းစဉ်းစားထားရမည်။ ဒေသတွင်းရှိ လူမျိုးစုအသိုက်အဝန်း (၂)ခုအတွင်း (power dynamics) အစိုးရနှင့်အခြားပါဝင်ပတ် သက်သူများတို့သည် စိန်ခေါ်နေမှုများကို ထင်ရှားစွာ ပြသရမည်။

မြေပုံရေးဆွဲရာတွင် ပါဝင်လာမှုကို အခြေခံထားသည့် လူမှုအဖွဲ့အစည်း၏ တာဝန်ယူ ဆောင်ရွက်မှုကို ထောက်ခံတင်ပြ

ထားသည်။ ဤလုပ်ငန်း ပြီးစီးအောင်မြင်စေရန် (သက်ဆိုင်ရာ) အသိုင်းအဝိုင်းများသို့ နည်းပညာ ပံ့ပိုးပေးမှုသည် လိုအပ်လျက် ရှိပြီး အထွေထွေ လက်တွေ့ကျင့်သုံးမှုများကို ကောင်းမွန်သော အလေ့အကျင့်များမှ ဆွဲထုတ်ယူနိုင်သည်။ (ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးအတွက်) နည်းပညာပံ့ပိုးမှုတွင် ကမ္ဘာ၏ နေရာယူထားမှုစနစ် (GPS) အတွက် အသုံးပြုမှု နည်းပညာသင်တန်းများဖြင့် အသိုက်အဝန်းသို့ ပံ့ပိုး ထောက်ကူပေးသင့်သည်။ နယ်နိမိတ် သတ်မှတ်ချက်ဖြင့် မြေပုံဆွဲမှု လုပ်ထုံးလုပ်နည်းများအတွက် လမ်းညွှန်ချက်များနှင့် မြေအသုံးချ စီမံကိန်းရေးဆွဲမှုတို့ကို ပြဋ္ဌာန်းပေးထားသင့်သည်။ အစိုးရနှင့် အသိုက်အဝန်းသည် လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း ညှိနှိုင်းဆောင်ရွက်မှု ရှိသင့်သည်။ မြေယာ အသိအမှတ်ပြုမှုနှင့် မြေသယံဇာတ ထိန်းချုပ် အသိအမှတ်ပြုခြင်းတို့အတွက် အောက်ခြေမှအပေါ်သို့ တင်ပြသည့်စနစ်ကို ဖန်တီး၍ ပန်းတိုင်အဖြစ် မျှဝေလုပ်ဆောင်သင့်သည်။ မြေပုံရေးဆွဲစဉ်ကာလတစ်လျှောက် နယ်နိမိတ်သတ်မှတ်ရေးတွင် အငြင်းပွားမှုများ ပေါ်ပေါက်လာနိုင်ပြီး နစ်နာချက်များ (တိုင်တန်းမှုများ)ကို ဖြေရှင်းပေးမည့် စနစ်တစ်ခုကို ဦးတည်လမ်းကြောင်းပေး၍ တည်ထောင်ထားသင့်သည်။ မြေပုံရေးဆွဲမှုကို နားလည်မှုအပြည့်အဝဖြင့် ဆောင်ရွက်သင့်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဒေသအခြေအနေပေါ် အမှီသဟဲပြုလျက် နိုင်ငံ၏ ဒေသအသီးသီး (ပဋိပက္ခနှင့် ပဋိပက္ခမရှိသော ဒေသများ)တွင် မဟာဗျူဟာ အမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်သည်။ ရေးဆွဲပြီးစီးသွားပါက သက်ဆိုင်ရာ အသိုက်အဝန်းများသည် ယင်းတို့အခွင့်အရေးကို နားလည်လျက် အနာဂတ် မြေသိမ်းမှုနှင့် အငြင်းပွားမှုများ ကာကွယ်ရန် နည်းလမ်းတစ်ရပ်အဖြစ် အသုံးချနိုင်သည်။

## ၇။ ဆွေးနွေးတင်ပြချက်

နှစ်ရက်တာ ကျင်းပခဲ့သော အစည်းအဝေးတစ်လျှောက် အုပ်စုငယ်များ၏ ဆွေးနွေးချက်နှင့် အခြေအတင် တင်ပြချက်များတွင် ပါဝင်သော အမျိုးသားဆွေးနွေးပွဲသို့ တက်ရောက်သူများအနေနှင့် ဆွေးနွေးချက်များကို အောက်တွင် ခေါင်းစဉ်အလိုက် စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပုံစံဖြင့် တစ်လုံးတစ်ခဲတည်း စုစည်း၍ (coalesce) တင်ပြ ထားပါသည်။

### အလှည့်ကျနှင့် ပလပ်မြေတွင် လုပ်ကိုင်နေကြသော တောင်ယာနှင့်ပတ်သက်သည့် ကမ္ဘာနှင့် ဒေသတွင်းအမြင်များ

လယ်ယာစိုက်ပျိုးမှုကို ပြောင်းရွှေ့ လုပ်ကိုင်ခြင်းဖြင့် ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လယ်ယာစိုက်ပျိုးမှု အလေ့အကျင့်များနှင့် လယ်ယာအသုံးပြုမှု အစီအစဉ်များ အဆင့်ဆင့် ပိုင်းခြားသတ်မှတ်၍ မြန်မာတိုင်းရင်းသား လူမျိုးစုများ၏ ဒေသများတွင်း အကျယ်တဝင့် ပြန့်နှံ့လျက်ရှိသည်။ ရွှေ့ပြောင်းစိုက်ပျိုးမှုများမှာ အချိန်နေရာအလိုက်၊ အစီအစဉ်ကျနစွာ မြေကွက်များဖြင့် စိုက်ပျိုးမှုများ ပါဝင်လျက်ရှိသည်။ လယ်ကွင်းများကို စိုက်ပျိုးပြီးနောက် နှစ်နှင့်ချီ၍ စွန့်ပစ်ထားကာ ရှေ့ပြေးသစ်ပင်များ ကြီးထွားလာမှု (pioneer tree growth) အတွက် ထုံးစံအတိုင်း လုံလောက်သောအချိန် ပေးထားသည်။[၁၃၊၁၄] သုတေသန လုပ်ငန်းများက ပြသလာသောအချက်မှာ ကမ္ဘာ့လူဦးရေ ၇၀% အထိ ရွှေ့ပြောင်းစိုက်ပျိုးရေး အလေ့အကျင့်များတွင် ပါဝင်ပတ်သက်လျက်ရှိသည်။

ရွှေ့ပြောင်းစိုက်ပျိုးရေးကို ဂေဟစနစ်နှင့် မှားယွင်းစွာ နားလည်မှုများ ရှိနေသည်။ သို့ရာတွင် သုတေသနပြချက်များက ရွှေ့ပြောင်းစိုက်ပျိုးမှုများ၏ လူမှုရေးနှင့် ဂေဟစနစ် အကျိုးကျေးဇူးများကို ထင်ရှားစွာ ပြသလျက်ရှိပါသည်။ ထောက်ခံကန့်ကွက်မှုများ ဖြစ်ပေါ်လာခဲ့သည်မှာ ထိုအလေ့အထသည် စီးပွားရေးအားဖြင့် အကျိုးမများသည့်အပြင် ဂေဟစနစ်ကိုလည်း ပျက်စီးစေသည်ဆိုသော အချက်ပင်ဖြစ်သည်။ ပြောင်းရွှေ့စိုက်ပျိုးမှု နည်းစနစ်များသည် လူမှုရေး ပေါင်းစည်းညီညွတ်မှု (social cohesion) နှင့် ရိက္ခာဖူလုံမှု[၁၆၊၁၇] တို့အား မြှင့်တင်ပေးနေစဉ် တစ်ချိန်တည်းမှာပင် ရာသီဥတု ပြောင်းလဲမှုသပ္ပယက် မြှင့်တင်ပေးမှု၊ ဇီဝဗီဇများကို အားပေးမှုတို့ကိုလည်း ဖြစ်ပေါ်စေကြောင်း ပြသခဲ့သည်။ အလှည့်ကျ ပလပ်မြေတွင် စိုက်ပျိုးသော တောင်ယာစနစ် သို့မဟုတ် ရွှေ့ပြောင်းစိုက်ပျိုးမှုများသည် မြေယာမျှဝေမှုနှင့် သဘာဝ သယံဇာတများအား ချိတ်ဆက်ပေးပြီး လုပ်ပိုင်ခွင့် စီမံခန့်ခွဲရေးကို အခြေခံလျက် ကျယ်ပြန့်သော အသိုက်အဝန်းအောက်တွင် ပံ့ဖော်ဆောင်ရွက်လျက် ရှိသည်။ ရွှေ့ပြောင်းစိုက်ပျိုးမှုကို လုပ်ကိုင်နေကြသော ကုန်းမြင့်ဒေသရှိ လယ်သမားများသည် ယင်းတို့၏ ဒေသဆိုင်ရာ ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့် အဆောက်အအုံများအား လူမှုရေးနှင့် ရိက္ခာဖူလုံရေးအတွက် ခိုင်ခံ့အောင် ဆောင်ရွက်လျက်ရှိကြသည်။ ရွှေ့ပြောင်းစိုက်ပျိုးရေးကိုလက်တွေ့ကျင့်သုံးနေကြသော လယ်သမားများသည် အခြားနည်းလမ်းများဖြင့် စိုက်ပျိုးရေးကို လုပ်ဆောင်နေကြသော လယ်သမားများထက် ၎င်းတို့ ဒေသရှိ သစ်တောများကို ပိုမို ထိန်းသိမ်းကြသည်။ တစ်ချိန်တည်းမှာပင် ယင်းတို့၏ စိုက်ပျိုးမြေ အသုံးပြုမှုကို ပိုမို သီးနှံထွက်အောင် (productive) အခိုင်အမာ ဆောင်ရွက်လျက်ရှိကြသည်။ ၎င်းတို့ အသုံးပြုနေကြသော ဤနည်းစနစ်များသည်

လယ်ယာဂေဟစနစ်နှင့် သက်ဆိုင်သော အချက်အလက် ယူဆချက်များ (contexts) အတွက် အများအားဖြင့် လျော်ကန်သင့်မြတ်သည်။ ထို့ပြင် စိုက်ပျိုးသူများမှာ သယံဇာတများနှင့် ပတ်သက်၍ ရှုပ်ထွေးပြီး အများနားလည်နိုင်သော အသိပညာများ ရှိနေသည်။ ယင်းတွင် မြေယာနှင့်အနီးတစ်ဝိုက် ပတ်ဝန်းကျင် အသုံးချမှုတို့ ပါဝင်သည်။ ကြာရှည်စွာ အထိုင်ကျနေပြီးဖြစ်သော စိုက်ပျိုးမှုနှင့် နှိုင်းယှဉ်သုံးသပ်ရာတွင် ရွှေ့ပြောင်းစိုက်ပျိုးမှုသည် ပတ်ဝန်းကျင် ထိခိုက်ခြင်းကို နိမ့်ကျစေ၍ ပလပ်မြေ အသုံးချမှု ကာလအတောအတွင်း သစ်တောများ ကြီးထွားမှုဖြင့် မျိုးစိတ်များကို အထောက်အကူပြုသည်။ ယေဘုယျအားဖြင့် မည်သည့် အဆိပ် အတောက်ဖြစ်စေသော သွင်းအားစုများ ဥပမာ ပိုးသတ်ဆေးများ၊ သစ်ပင်ငယ်များကို ပျက်စီးစေသော ဓာတုဗေဒဆေးများ၊ တစ်ခုနှင့်တစ်ခု ပေါင်းစပ်ထားသော ဓာတ်မြေသြဇာများကို အသုံးပြုကြခြင်းပင် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဓလေ့ထုံးစံအရ ပတ်လည်စနစ်ဖြင့် ပလပ်မြေယာရှိ တောင်ယာစနစ်များတွင် ပါဝင်နေသော အစဉ်အလာ စက်ယန္တရားများတွင် ပါဝင်နေသော အစဉ်အလာ စက်ယန္တရားများ (institutional mechanisms)သည် အသိုက်အဝန်းရှိ အဖွဲ့ဝင်အားလုံးအတွက် အကျိုးဖြစ်ထွန်းစေသော သဟဇာတများကို လက်လှမ်းမှီနိုင်ရေးနှင့်ပတ်သက်၍ အာမခံချက် ပေးထားသည်။[၁၈]

ရွှေ့ပြောင်းစိုက်ပျိုးရေး စနစ်များကို ထောက်ရှုလျက် အမှန် အရှိတရား (fact) မှာ ကျယ်ပြန့်သော ကျေးလက်ဒေသနေ လူအများအတွက် ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့် စီစဉ်မှုများမှတစ်ဆင့် လက်ရှိကာလတွင် ရွှေ့ပြောင်းစိုက်ပျိုးရေး လက်တွေ့ ကျင့်သုံးလျက်ရှိသည်။ ထင်ရှားလာသော အချက်မှာ ဤအလေ့အကျင့်များကို အကာအကွယ်ပေးရန် လိုအပ်ပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် ယင်းတို့ ပါဝင်ပတ်သက်နေသော အသက်မွေးဝမ်းကြောင်းများကို ကာကွယ်ပေးရမည်။

## ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်အား အလေးအနက်ထား သုံးသပ်ချက်

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများသည် လယ်ယာစိုက်ပျိုးရေး နည်းစနစ်မျိုးစုံကို ကျင့်သုံးလျက်ရှိကြသည်။ ဤအလေ့အကျင့်များကို နက်ရှိုင်းစွာ နားလည်ရန် ဓလေ့ထုံးစံအရ အများနှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုထားပြီး ထိရောက်သည့် မြေယာမူဝါဒ ဖွံ့ဖြိုးတိုးတက်မှု ရှိရန် လိုသည်။ ထိပ်တိုက်ဆွေးနွေးပွဲအတွင်း ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့် အလေ့အကျင့်များကို အလေးပေး တင်ပြခဲ့ကြသည်။ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့် အကြောင်းအရာများသည် မည်သည့်နည်းဖြင့်မဆို ပြည့်ပြည့်စုံစုံ စေ့စေ့စပ်စပ် ရှိရမည်။ ထို့အပြင် မြန်မာ့တိုင်းရင်းသား လူမျိုးစုများအကြား ကြွယ်ဝသော အလေ့အကျင့် အမျိုးမျိုးကို ပုံစံပြ ဖော်ပြရန် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒ(၂၀၁၄)ကို OECD ၏ သုံးသပ်တင်ပြချက်တွင် မြေယာဥပဒေသည် ဓလေ့ထုံးစံ ဥပဒေနှင့် အမျိုးအစား ကွဲပြားခြားနားခြင်းကို ထည့်သွင်းစဉ်းစားရမည်ဟု အလေးအနက် တင်ပြခဲ့သည်။ ထိုခြားနားမှုကို မတူညီသော မျိုးနွယ်စုများ၊ ပထဝီ အနေအထားများအရ အနှံ့အပြား ကွဲပြားမှုကိုလည်း အလေးထားရန် ဖြစ်သည်။[၁၉] ဤဖြစ်ရပ်မှာ အမျိုးသားဆွေးနွေးပွဲများ၌ တင်ပြချက်များ၊ ဆွေးနွေးချက်များတွင် ပဲ့တင်သံထပ်လျက်ရှိသည်။

## အခြားဓလေ့ထုံးစံအရ အလေ့အကျင့်များ

အခြား အသိအမှတ် ပြုထားသင့်သည်မှာ ဓလေ့ထုံးစံအလိုက် အလေ့အကျင့်များ အားလုံးသည် သဘာဝအားဖြင့် အများနှင့်မသက်ဆိုင်ပါ။ အချို့သော ဓလေ့ထုံးစံ အလေ့အကျင့်များကို တစ်ဦးချင်းသော်လည်းကောင်း၊ အိမ်ထောင်စုအခြေခံဖြင့်သော်လည်းကောင်း ဆောင်ရွက်လျက်ရှိကြသည်။ အချို့ ဓလေ့ထုံးစံ အလေ့အကျင့်များမှာ သတ်မှတ်ထားသော မြေယာအသုံးချမှု အလေ့အကျင့်များတွင် ပါဝင်လာမှု မရှိပါ။ အလားတူ နယ်မြေပိုင်နက်နှင့်ပတ်သက်၍ကွဲပြားခြားနားသော တိုင်းရင်းသား မျိုးနွယ်စုများသည် သေချာသော သယံဇာတ ပစ္စည်းများကို ဖယ်ရှားပစ်ရန် အခွင့်အရေးများ ရှိသည့်အပြင် မြေယာကို ကြုံလာတော့မှ ကြည့်ရှင်းမည်ဟု သဘောထားကြသည်။ ဤအခွင့်အရေးများမှာ တစ်ခါတစ်ရံ ပဋိပက္ခအထဲသို့ ဝင်ရောက်လာကောင်း လာနိုင်သည်။ ထို့အပြင် ပုဂ္ဂလိက(ပုံစံ)မျိုးဖြင့်လည်းကောင်း၊ အသိုက်အဝန်းဖြင့်လည်းကောင်း ထိန်းချုပ်ထားသော အာဏာစိုးပိုင် အခွင့်အရေးများလည်းပဲ ရှိနေကောင်း ရှိနေနိုင်သည်။ မလွဲမရှောင်သာ အများနှင့်ပတ်သက်မှု မရှိပဲ ဤဓလေ့ထုံးစံ အလေ့အကျင့်များအရ အမျိုးမျိုး ကွဲပြားခြားနားနေမှုကို မြေအသုံးချ မှတ်ပုံတင်သောအခါလည်းကောင်း မြေပုံများ ရေးဆွဲသောအခါလည်းကောင်း ထည့်သွင်းစဉ်းစားသင့်သည်။

## ၈။ မူဝါဒ ထောက်ခံတင်ပြချက်များ

*အမျိုးသားအဆင့် အစည်းအဝေးတွင် ကျွမ်းကျင်သူများ၏ တင်ပြချက်များ၊ အုပ်စုလိုက် ဆွေးနွေးချက်များအပေါ် အခြေခံလျက် အောက်ပါမူဝါဒနှင့်ပတ်သက်၍ ထောက်ခံတင်ပြချက်များကို စနစ်တကျ ဖော်ပြလိုက်သည်။*

**ကျေးလက်ဒေသနေဒေသခံ တိုင်းရင်းသားများ၏ စားနပ်ရိက္ခာဖူလုံရေးကို အာမခံချက်ရရှိရန် ဓလေ့ထုံးစံအရ မြေယာနှင့် သယံဇာတ စီမံခန့်ခွဲရေး စနစ်များကို အသိအမှတ်ပြု၍ ဇီဝမျိုးဆက်များကို ကာကွယ်လျက် ထာဝရ တည်တန့်နေရေးကို မြှင့်တင်ရန်**

ကျေးလက်ဒေသရှိ မြန်မာလူမျိုးစု အသိုက်အဝန်းများသည် ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော မြေယာအတန်းအစားနှင့် သယံဇာတ စီမံခန့်ခွဲရေးစနစ်များ အမျိုးမျိုး ပါဝင်ပတ်သက်လျက်ရှိကြပြီး ယင်းတို့တွင် အလှည့်ကျ ပလပ်မြေတွင် တောင်ယာစိုက်ပျိုးမှု နည်းစနစ်များလည်း ပါဝင်လျက်ရှိသည်။ ရွှေ့ပြောင်းတောင်ယာအလေ့အကျင့်များပေါ်တွင် ပြင်းထန်စွာဆန့်ကျင်သော ယူဆချက်များနှင့် အမှန်ကို မစူးစမ်းဘဲ အဂတိတရားဖြင့် မလိုမုန်းထားခြင်းများသည် ရှိနေဆဲဖြစ်သော်လည်း မကြာသေးခင် နှစ်ကာလများအတွင်း သိရှိနားလည်လာမှုများကများစွာ စာနာထောက်ထားမှု ဖြစ်ပေါ်လာသည်။ အဓိကအားဖြင့် စာနာထောက်ထားသော အခြေအနေများအရ နည်းစနစ်များကို ကျယ်ပြန့်လာစေသော ခိုင်မာမှုဖြင့် သိပ္ပံနည်းအရ လေ့လာတွေ့ရှိမှုကြောင့် (ရွှေ့ပြောင်းတောင်ယာ စနစ်သည်) စွမ်းဆောင်ရည်မြင့်မားပြီး ကုန်ထုတ်စွမ်းရည် မြင့်မားလာကာ ပတ်ဝန်းကျင်ကို ရေရှည်အကျိုးပြုနိုင်ကြောင်း သိရှိလာရသည်။[၂၀] အလှည့်ကျ တောင်ယာစနစ်အပါအဝင် အများနှင့်သက်ဆိုင်သော လယ်ယာစီမံခန့်ခွဲမှု နည်းပညာများသည် ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့် အလေ့အထများကို ဥပက္ခာပြုထားပြီး အကြီးစား လယ်ယာသိမ်းဆည်းမှုများကြောင့် မျက်မှောက်တွင် မသင့်လျော်သော စီးပွားရေးဖွံ့ဖြိုးမှုကို (အသားပေးလာမှုကြောင့်) လတ်တလောတွင် ဖိအားပေးမှုများ ခံနေကြရသည်။ ဆီလျော်မှုမရှိသော စီးပွားရေး ဖွံ့ဖြိုးလာမှုနှင့်အတူ ဓလေ့ထုံးစံအရ မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုကင်းမဲ့လာသည်။ နိုင်ငံတစ်ဝှမ်းလုံး မြေယာသိမ်းဆည်းမှု အဆင့်မြင့်မားမှုသို့ ဦးတည်သွားစေသည်။ ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှေးရှု၍ ဓလေ့ထုံးစံအရ မြေနှင့် သယံဇာတ စီမံခန့်ခွဲရေး အလေ့အကျင့်များကို ကာကွယ် အသိအမှတ်ပြုခြင်းသည် မြန်မာ့ကျေးလက် တိုင်းရင်းသားလူထု၏ တရားဝင် လူနေမှုဘဝကို ကာကွယ်ရန်နှင့် ဓလေ့ထုံးစံအရ မြေများအား သိမ်းဆည်းမှုကို ရပ်တန့်သွားစေရန် လိုအပ်လျက်ရှိသည်။

**ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့် အစီအမံများကို အလျှင်အမြန် အသိအမှတ်ပြုလျက် ကာကွယ်ရန် ကြားဖြတ်တားဆီးရေး လုပ်ထုံးလုပ်နည်းတစ်ရပ်ကို လိုအပ်လျက်ရှိခြင်း**

အမျိုးသားမြေအသုံးချမူဝါဒသည် လတ်တလော၌ မူကြမ်းအဆင့်တွင် ရှိနေစဉ် ယင်းကို အသိအမှတ်ပြုထားသင့်သည်မှာ မူဝါဒသည် ပြည့်စုံသော အမျိုးသားမြေယာဥပဒေ ဖွံ့ဖြိုးလာရေးနှင့် တည်ဆဲဥပဒေနှင့် မူဝါဒသည် သဟဇာတဖြစ်ရေးသို့ ရှေ့ရှု၍ ရေရှည် စနစ်တကျ လုပ်ထုံးလုပ်နည်း၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ ထို့ကြောင့် လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရေးအတွက် ရှင်းလင်းပြတ်သားသော ဥပဒေမူဘောင်တစ်ခုသည် အချိန်ကာလနှင့် ပါဝင်ဆောင်ရွက်သူ အားလုံးအတွက် ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်လျက်ရှိသည်။ ထိုအချိန်အတောအတွင်း ဒေသခံ အသိုက်အဝန်းများသည် ယင်းတို့၏ ဓလေ့ထုံးစံအရ မြေယာစီမံခန့်ခွဲရေး စနစ်များကို ဥပေက္ခာပြု ခံနေရမည်ဖြစ်ပြီး လက်ရှိ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အသားပေးနေရသောကြောင့် လုပ်ပိုင်ခွင့် လုံခြုံမှု လျော့ရဲနေမှုများကို ဆက်လက်တွေ့ကြုံ ရင်ဆိုင်နေကြရမည်။ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော မြေယာဆုံးရှုံးမှုသည် လူအများ၏ ဘဝအသက်မွေးဝမ်းကျောင်း လုပ်ငန်းများပေါ်တွင် ထိခိုက်နစ်နာစေသော ပြင်းထန်သည့် အကျိုးသက်ရောက်မှုများ ကျရောက်စေပြီး ပြည်တွင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် ကျေးလက်ဒေသ အသိုက်အဝန်းများအကြား ရေရှည် မတည်ငြိမ်မှုနှင့် တင်းမာမှုများကို ဖြစ်ပေါ်စေလိမ့်မည်။ မစ်ရှိဂန်ပြည်နယ် တက္ကသိုလ်မှ မကြာသေးမီက ပြည့်စုံစွာ ဆောင်ရွက်ခဲ့သော သုတေသနပြုချက်၌ တင်ပြထားသည်မှာ လက်ရှိ မြေယာသိမ်းခွင့် ပြုထားခြင်းကြောင့် အဓိက ဦးစားပေး ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်မှာ ဓလေ့ထုံးစံလုပ်ပိုင်ခွင့်အရ ကာလရှည်ကြာစွာ ကျယ်ကျယ်ပြန့်ပြန့် ပလပ်မြေပေါ်တွင် စိုက်ပျိုးမှုစနစ်များဖြင့် လုပ်ကိုင်နေကြသော မြေယာ အသုံးပြုသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန် ဖြစ်ကြောင်း။ [၂၀] အရေးပေါ် လိုအပ်ချက်တစ်ရပ်မှာ ကျေးလက်ဒေသ မျိုးနွယ်စု အသိုက်အဝန်းများ၏ တရားဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကာကွယ်ရန် ဓလေ့ထုံးစံအရ မြေယာအသုံးပြုမှု အခွင့်အရေးများအား အသိအမှတ်ပြုရေးအတွက် ကြားဖြတ်ယန္တာရားတစ်ရပ် ဖန်တီးရေးပင် ဖြစ်သည်။ ထို့အပြင် ပိုမိုပြည့်စုံသော ရေရှည် ဖြေရှင်းပေးမှုတစ်ခုကို ဥပဒေအဖြစ် ရေးသားဖော်ထုတ်မှု မပြုမီ လူမှုရေး တည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု ထိန်းသိမ်းထားရန် ဖြစ်သည်။

**ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်နှင့် အလှည့်ကျ ပလပ်မြေပေါ်တွင် စိုက်ပျိုးရေးစနစ်များ တာရှည်ခိုင်မြဲမှုကို အသိအမှတ်ပြု ကာကွယ်ရန် လိုအပ်သော အရေးယူဆောင်ရွက်ရေးအတွက် အဆင့်မြင့် ဓလေ့ထုံးစံအရ မြေယာ လုပ်ပိုင်ခွင့် ကော်မတီတစ်ခုကို ဖွဲ့စည်းပေးထားသင့်ခြင်း**

ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြု ကာကွယ်၍ အထောက်အကူပြုရန် ကျယ်ပြန့်သော ဥပဒေမူဘောင်တစ်ခု ဖြစ်ပေါ်ရေးသည် ပါဝင်ဆောင်ရွက်သူများစွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အဖွဲ့ဝင်ဖြစ်လာရေး (buy-in) လိုအပ်လျက်ရှိသည်။ အမျိုးသား မြေသယံဇာတ စီမံခန့်ခွဲရေး ဗဟိုကော်မတီသည် အောင်မြင်သော မူဝါဒနှင့် ဥပဒေတိုးတက်လာမှုအတွက် လိုအပ်သော အဆင့်မြင့် အရာရှိများ၏ ပူးပေါင်းဆောင်ရွက်ရေး ရရှိမှုနှင့်ပတ်သက်၍ သေချာစေရန် ထူးခြားစွာ နေရာယူထားလျက်ရှိသည်။ မကြာသေးခင်က အမျိုးသား ဆွေးနွေးပွဲတွင် ဒေသတွင်း အတွေ့အကြုံများကို မျှဝေခဲ့သည်။ အထူးသဖြင့် ကမ္ဘောဒီးယား အတွေ့အကြုံကို ဦးစားပေး၍ ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်နှင့်ပတ်သက်သော ပြဿနာများကို အလေးထားကာ အချက်အချာကျသော ညှိနှိုင်းရေး အဖွဲ့၏ အရေးပါမှုကို ဦးတည်ထားခဲ့သည်။ ထောက်ခံချက် ပေးထားသည်မှာ ကော်မတီသည် ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို ကာကွယ်မြှင့်တင်ရေးအတွက် ဝိုင်းဝန်းကူညီရာတွင် ဓလေ့ထုံးစံအရ မြေယာလုပ်ပိုင်ခွင့် အလုပ်အမှုဆောင် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးရန်ပင်ဖြစ်သည်။ ယင်းကော်မတီတွင် ဒေသခံအသိုက်အဝန်းများနှင့် မြို့ပြအဖွဲ့အစည်းများ အပါအဝင် ပါဝင်ပတ်သက်သူများအကြားဆွေးနွေးညှိနှိုင်းမှုများဖြင့်ဆောင်ရွက်ရန်ဖြစ်သည်။ အလုပ်အမှုဆောင် ကော်မတီသည် သုတေသနလုပ်ငန်းများ၊ မူဝါဒ ကောင်းမွန်တိုးတက်လာရေးနှင့် ရှေ့ပြေးစီမံကိန်းများအား အကောင်အထည်ဖော်ရေးတို့ ကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်မည်။

**အမျိုးမျိုးသော ဓလေ့ထုံးစံ လုပ်ပိုင်ခွင့်စနစ်များအား စူးစမ်းရှာဖွေ မှတ်တမ်းတင်မှု လုပ်ထုံးလုပ်နည်းနှင့် နောက်ထပ် မူဝါဒအား ထောက်ခံတင်ပြချက်များအတွက် အကာအကွယ်များ ထုတ်ဖော်ပေးရေး**

မျိုးနွယ်စု အသိုက်အဝန်းများသည် ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သောမြေအသုံးချမှုအမျိုးမျိုးနှင့်အမျိုးနွယ်တူလူစုအတွက်လယ်ယာလုပ်ဆောင်မှု အလေ့အကျင့်များကို စီမံခန့်ခွဲလျက် လက်တွေ့ ဆောင်ရွက်လျက် ရှိကြသည်။ ဤအလေ့အကျင့်များကို အသိအမှတ်ပြု၍ အထောက်အကူပြုမှုကို (one size fits all) ချဉ်းကပ်မှုမှတစ်ဆင့် အောင်မြင်အောင် လုပ်ဆောင်နိုင်ကြမည် မဟုတ်ပေ။ လူမျိုးစု အသိုက်အဝန်းအတွင်း မြေယာကို မည်သို့ ထိန်းချုပ်၍ စီမံခန့်ခွဲရမည်ကို နောက်ထပ် သုတေသနပြုရန် လိုအပ်လျက်ရှိသေးသည်။ သုတေသန လုပ်ငန်းများကို အများနှင့်သက်ဆိုင်သော စီစဉ်မှုများ၊ လက်ရှိ မြေအသုံးချမှု မြေပုံများ ရေးဆွဲမှုအတွင်းသို့ ထည့်သွင်းရန် လိုအပ်နေသေးသည်။ ထို့အပြင် ဆွေးနွေးပွဲ၌ တင်ပြသော သုတေသန လုပ်ငန်းများအတွက် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး သိရှိရသော သင်ခန်းစာများတွင် တွေ့ရှိချက်ပေါင်းချုပ်ကို ပြင်ဆင်ရာ၌ အထောက်အကူရရှိရန် လိုအပ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် အများနှင့်သက်ဆိုင်သော မြေယာမှတ်ပုံတင်မှု၊ ပိုင်ဆိုင်မှုများသို့ မှန်ကန်စွာ လမ်းညွှန်ပေးသွားနိုင်သည်။[၂၂] ဤအလေ့အကျင့်များကို စူးစမ်းရှာဖွေ၍ မှတ်တမ်းတင်ထားခြင်းဖြင့် နည်းစနစ်များကို ဖော်ထုတ်ပေးနိုင်ကာ လူမျိုးစု အသိုက်အဝန်း၏ အလေ့အကျင့်များကို ပိုမို၍နားလည် သဘောပေါက်နိုင်သည်။ ပြည့်စုံသော ဥပဒေ၊ မူဝါဒများ ဖော်ထုတ်မှုများအထဲသို့ ယင်းကဲ့သို့သော ဖြစ်စဉ်ကအားဖြည့်ပေးနိုင်ကာ လူမျိုးစုများ၏ ရေရှည်လိုအပ်ချက်များကို ညွှန်ကြားပေးနိုင်သည်။ အဆိုပြုထားသော ဓလေ့ထုံးစံဆိုင်ရာ မြေယာလုပ်ပိုင်ခွင့် လုပ်ငန်းကော်မတီ သည် လုပ်ငန်းစဉ်များကို စီမံနိုင်သည်။

## ၉။ နောက်ထပ်လုပ်ငန်းစဉ်များ

*ယခင်မူဝါဒအား ထောက်ခံ တင်ပြချက်များအတွက် ရေတိုနှင့် ရေရှည်ကာလအတွင်း နောက်ထပ် အရေးယူ ဆောင်ရွက်ချက်များကို လိုက်နာကျင့်သုံးကာ အောက်ပါ အတိုင်း စတင် အကောင်အထည်ဖော်နိုင်သည်။*

**(၁) ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့် အစီအစဉ်များကို ချက်ခြင်း အသိအမှတ်ပြု ကာကွယ်ရန် ကြားဖြတ်အုပ်ချုပ်ရေး ယန္တရားတစ်ခုကို ဖော်ထုတ်ပါ။**

ကျေးလက်ဒေသ မျိုးနွယ်စု အသိုက်အဝန်းများ၏ တရားဝင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ကာကွယ်ရန် ဓလေ့ထုံးစံအရ မြေအသုံးချ အခွင့်အရေးများကို အသိအမှတ်ပြုရေးအတွက် ကြားဖြတ်အုပ်ချုပ်ရေး ယန္တရား တစ်ခု ဖန်တီးရန်မှာ အရေးပေါ် လိုအပ်ချက် ဖြစ်သည်။ ထို့ပြင် ပိုမိုပြည့်စုံသော ရေရှည် ဖြေရှင်းပေးမှုကို ဥပဒေအဖြစ် ရေးဆွဲဖော်ထုတ်ပြီးသည့်တိုင်အောင် လူမှုရေး တည်တံ့ခိုင်မြဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု (လုပ်ငန်းများ) ကို ထိန်းသိမ်းထားရန် ဖြစ်သည်။

**(၂) အမျိုးသား မြေသယံဇာတ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ အဆင့်မြင့်လုပ်ငန်းကော်မတီဖြင့် ဖွဲ့စည်းသင့်သည်။**

ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကို အသိအမှတ်ပြု ကာကွယ် အထောက်အကူပြုရန် ရှင်းလင်းပြတ်သားသော ဥပဒေ၏ မူဘောင်ကို ဖော်ထုတ်ရာတွင် ပါဝင်ဆောင်ရွက်နေသူ အများစု ပါဝင်သော အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည်။ အမျိုးသား မြေသယံဇာတ စီမံခန့်ခွဲရေး ဗဟိုကော်မတီသည် မူဝါဒအောင်မြင်ရေးနှင့် တရားဝင် တိုးတက်လာရေးအတွက် လိုအပ်လျက်ရှိသည့် အဆင့်မြင့် အနေအထားမှ အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန် ထူးခြားစွာ နေရာရယူထားရမည်။ မကြာသေးခင်က ကျင်းပခဲ့သော အမျိုးသား ဆွေးနွေးပွဲတွင် မျှဝေရယူခဲ့သော ဒေသတွင်း အတွေ့အကြုံများ၊ အထူးသဖြင့် ကမ္ဘောဒီးယားမှ အတွေ့အကြုံများကို ဓလေ့ထုံးစံအရ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ပြဿနာများကို အလေးထားကာ ဗဟိုညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့တစ်ခု၏ အရေးပါမှုကို အားထားရမည်။

**(၃) ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်ကို အကာအကွယ်ပေးရေးအတွက် အုပ်ချုပ်မှု ယန္တရားများ စူးစမ်းလေ့လာပါ။**

တိုင်းရင်းသားမျိုးနွယ်စုအသိုက်အဝန်းများသည် ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော မြေအသုံးချမှု မျိုးစုံကို လိုက်နာကျင့်သုံးခဲ့ကြ၍ အားလုံးပါဝင်သော လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများကိုလည်း လုပ်ဆောင်ခဲ့ကြသည်။ ဤ အလေ့အကျင့်များအား အသိအမှတ် ပြု၍ အထောက်အကူပြုမှုတို့ကို one size fits all ချဉ်းကပ်မှုမှ တစ်ဆင့် ပြီးဆုံးအောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။ မျိုးနွယ်စု အသိုက်အဝန်းများအတွင်း မြေယာများကို မည်သို့ ထိန်းသိမ်း၍ စီမံခန့်ခွဲရမည် ဆိုသောအချက်ကို သုတေသန လုပ်ငန်းထဲသို့ ထည့်သွင်းဆောင်ရွက်ရန် လိုအပ်နေသေးသည်။ ဤအလေ့အကျင့်များကို လေ့လာစူးစမ်း၍ မှတ်တမ်းပြုစုထားရေးအတွက် လုပ်ငန်းစဉ် တစ်ရပ်အနေနှင့် ဖော်ထုတ်သင့်သည်။ ထိုသို့ ဆောင်ရွက်ထားမှုသာလျှင် လူမျိုးစုများ၏အလေ့အထများကိုပိုမိုနားလည်လာနိုင်မည်ဖြစ်သည်။ ဤဖြစ်စဉ်တွင် သုတေသနလုပ်ငန်း၊ မူဝါဒဖြင့်ဖြေရှင်းရေးတွင် တိုးတက်လာမှုနှင့် ရှေ့ပြေး စီမံကိန်းများအား အကောင်အထည် ဖော်မှုတို့ကို ထည့်သွင်းထားသင့်သည်။

**(၄) စူးစမ်းလေ့လာထားသော အုပ်ချုပ်မှု ယန္တရားများမှ ရလဒ်များကို လက်ရှိ မူဝါဒများနှင့် ဥပဒေတို့တွင် တိုးတက်မှု ရရှိလာအောင် ဆောင်ရွက်ရာ၌ ဥပဒေနှင့် မူဝါဒ ချမှတ်ပေးသူများအတွက် သွင်းအားစုအဖြစ် တင်ကူးပြင်ဆင်ထားသင့်သည်။**

စူးစမ်းလေ့လာထားသော အုပ်ချုပ်မှု ယန္တရားများကို ဖန်တီးအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တွင် ပြည့်စုံသော ဥပဒေ၊ မူဝါဒဖော်ထုတ်မှုနှင့် လူမျိုးစု အသိုက်အဝန်းများ၏ ရေရှည် လိုအပ်ချက်များကို ဖောင်းပေးလျက် အထောက်အကူပြုသင့်သည်။ အဆိုပြုထားသော ဓလေ့ထုံးစံ ဆိုင်ရာ မြေယာလုပ်ပိုင်ခွင့် အလုပ်အမှုဆောင်ကော်မတီသည် လုပ်ထုံးလုပ်နည်းများကို စီမံပေးသင့်သည်။ အုပ်ချုပ်မှု စွမ်းရည်တွင် လုပ်ငန်းကော်မတီသည် ဥပဒေနှင့် မူဝါဒချမှတ်ပေးသူများ ဆောင်ရွက်နေကြသော သုတေသန လုပ်ငန်းများ၏ ရလဒ်များကို ချိတ်ဆက်ပေးရန် သင့်တင့်လျောက်ပတ်သော လမ်းကြောင်းဖြင့် သေချာအောင် လုပ်ဆောင်ပေးသင့်သည်။

## ၁၀။ နိဂုံး

အလှည့်ကျ စိုက်ပျိုးမြေနှင့် ပလပ်မြေရှိ တောင်ယာလုပ်ငန်း၌ ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ မကြာသေးခင်က ကျင်းပခဲ့သော အမျိုးသားအဆင့် ဆွေးနွေးပွဲ၌ လက်ရှိ အမျိုးသားမြေယာမူဝါဒနှင့် ဆက်နွယ်လျက် အရေးကြီးသော ပြဿနာများကို ထည့်သွင်းကာ ပါဝင်ဆောင်ရွက်သူများ ပေါင်းစည်းကာ ထူးခြားသော အခွင့်အလမ်းများကို တင်ပြခဲ့ကြသည်။ တက်ရောက်သူများက ပွင့်လင်းမြင်သာမှု၊ ကန့်သတ်ချက်မရှိသော အနေအထားဖြင့် အစိုးရအရာရှိများနှင့် တန်းတူရည်တူ ပါဝင်ဆွေးနွေးခွင့် ရရှိသဖြင့် ကျေနပ်ခဲ့ကြသည်။ အမျိုးသားမြေယာ အသုံးချမူဝါဒသည် အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့် အစီအစဉ်များထဲမှ အချို့ကို ပုံမှန် အသိအမှတ်ပြုရေးအတွက် အလားအလာများကို ဖော်ထုတ်ခဲ့သည်။ တင်ပြချက်များက ကမ္ဘာနှင့် မြန်မာအတွင်း ဓလေ့ထုံးစံအရ အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့် အစီအစဉ်အမျိုးမျိုးနှင့် ဩဇာသက်ရောက်မှုများကို အသားပေး ဖော်ပြခဲ့ကြသည်။ အမျိုးသားမူဝါဒတွင် ဓလေ့ထုံးစံအရ မြေယာစီမံခန့်ခွဲမှုနှင့် ဓလေ့ထုံးစံအရ အလေ့အကျင့်များကို ပေါင်းစည်းလျက် နိုင်ငံတကာ အတွေ့အကြုံများကို ယေဘုယျအားဖြင့် တိုးတက်လာရေးအတွက် လုပ်ပိုင်ခွင့် လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ အရေးကြီးကြောင်း အလေးအနက် ပြောဆိုခဲ့ကြသည်။ မူဝါဒနှင့်ပတ်သက်၍ အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုနှင့် စိန်ခေါ်မှုတို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။ မြန်မာ့ရေးရာတွင် လက်ရှိ ဥပဒေမူဘောင်က အများနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့် အစီအစဉ်များကို အသိအမှတ်ပြု အသုံးချနိုင်သော အုပ်ချုပ်ရေးယန္တရားများကို ထုတ်ဖော်ပေးထားသည်။ သို့ရာတွင် လက်ရှိဥပဒေ သို့မဟုတ် အခြား စည်းစနစ်ကျသော အုပ်ချုပ်ရေးယန္တရားမူဝါဒကို ဤရည်ရွယ်ချက်အတွက် သီးသီးသန့်သန့် ထုတ်ပေးထားမှု မရှိပေ။

ရတ်တရက် လိုအပ်ချက်အရ အရေးပေါ် ကျင်းပသော အစည်းအဝေးသို့ တက်ရောက်သူများကို ဆွေးနွေးမည့်အကြောင်းအရာ ခေါင်းစဉ်များကို အသေးစိတ် ခွဲခြားသတ်မှတ်၍ တင်ပြရန် အခွင့်အရေးပေးခဲ့သည်။ ဤအစည်းအဝေးများသည် လမ်းညွှန်ချက်များကို ဖော်ထုတ်ပေးမှုတွင် အထွဋ်အထိပ်သို့ ရောက်ရှိစေပြီး ပါဝင်ဆောင်ရွက်သူများ၊ တက်ရောက်လာသူများ၊ စည်းရုံးပေးသူများ အားလုံးတို့၏ စဉ်ဆက်မပြတ် ပါဝင်အားထုတ်မှုတို့နှင့်အတူ မျှော်လင့်ထားမှုများက အမျိုးသား မြေယာ အသုံးချမူဝါဒနှင့် မြေယာဥပဒေ ဖော်ထုတ်မှု တိုးတက်လာရေးအတွက် နီးကြားတက်ကြွလာစေရန် လှုံ့ဆော်ပေးသွားပေလိမ့်မည် ဖြစ်သည်။

# ၁၁။ နောက်ဆက်တွဲ - အဖွင့်မိန့်ခွန်း

## ဓလေ့ထုံးတမ်းဆိုင်ရာ အစုအဖွဲ့ မြေယာပိုင်ဆိုင်ခွင့်နှင့် အလှည့်ကျ အနားပေးတောင်ယာစနစ်ဆိုင်ရာ ဆွေးနွေးပွဲ

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဓလေ့ထုံးတမ်းဆိုင်ရာ အစုဖွဲ့ မြေယာပိုင်ဆိုင်ခွင့်နှင့် အလှည့်ကျ အနားပေးတောင်ယာစနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်အားပေးကြတဲ့ နိုင်ငံတကာမှ ပညာရှင်များ အစိုးရအဖွဲ့ အစည်း အသီးသီးမှ ကျွမ်းကျင်သူကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို ကျွန်တော့်အနေနဲ့ မင်္ဂလာနှုတ်ခွန်း ဆက်သအပ်ပါတယ်။

ဒီနေ့ဆွေးနွေးပွဲ၊ ခုနက ကျွန်တော် ဖတ်ကြားတင်ပြတဲ့ ဆွေးနွေးပွဲကိုတော့ ကျွန်တော်တို့ဂန်ကြီး ဌာနနှင့်အတူ Land Core Group၊ နောက် Trans National Institute (TNI) တို့မှ ဦးဆောင်ပြီးတော့ ကျင်းပတာဖြစ်ပြီးတော့ LIFT မှ ရံပုံငွေ အထောက်အပံ့ အကူအညီပေးခဲ့တာ ဖြစ်ပါတယ်။

ဒီနေ့ဆွေးနွေးပွဲနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေတဲ့ အမျိုးသားမြေ အသုံးချမှု မူဂါဒ ရေးဆွဲရေးလုပ်ငန်း အကျဉ်းချုပ်ကို ကျွန်တော် အနည်းငယ်မျှ တင်ပြခွင့်ပြုပါ။

ကျွန်တော်တို့ ဒီနေ့ ဆွေးနွေးပွဲနှင့် အဓိက ပတ်သက်ဆက်နွယ်တဲ့ မူဂါဒရေးဆွဲရေးလုပ်ငန်းဟာ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန် အရေးကြီးတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ နိုင်ငံရဲ့ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်မှုစနစ်တွေ ပြုပြင်ပြောင်းလဲရေး စတဲ့ ပြုပြင်ပြောင်းလဲရေးတွေထဲမှာ အင်မတန်အရေးကြီးတဲ့ မြေယာကဏ္ဍမှာ ပြုပြင်ပြောင်းလဲရေးဟာလည်း ကျွန်တော်တို့ ရှိသင့်ရှိထိုက်တဲ့ မူဂါဒ၊ ရှိသင့်ရှိထိုက်တဲ့ ဥပဒေ၊ ရှိသင့်ရှိထိုက်တဲ့ လုပ်ထုံးလုပ်နည်းတွေ၊ မှန်ကန်တဲ့ ဒီ လက်ရှိအခြေအနေနဲ့ မှန်ကန်စွာ ဆောင်ရွက်နိုင်ဖို့ လိုပါတယ်။

ဒါကြောင့်မို့ အဓိကမရှိမဖြစ် လိုအပ်နေတဲ့မူဂါဒကို ကျွန်တော်တို့ ရေးဆွဲနေကြတာ ဖြစ်ပါတယ်။ ဒီမူဂါဒ ရေးဆွဲခဲ့တဲ့ သမိုင်းကြောင်းလေးကို ကျွန်တော် အနည်းငယ် ရှင်းပြရရင်တော့ ၂၀၁၂ ခုနှစ် ကတည်းက နိုင်ငံတော်အစိုးရရဲ့ တာဂန်ပေးအပ်ချက်အရ ကျွန်တော်တို့ ဂန်ကြီးဌာနအနေနဲ့ အမျိုးသားမြေအသုံးချမှု မူဂါဒကို ရေးဆွဲဘို့ ကြိုးစားပြင်ဆင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ ပဉ္စမ မူကြမ်း (5th Draft) ကို ရေးဆွဲပြီးစီးခဲ့ပါတယ်။ ရေးဆွဲပြီးစီးခဲ့တာကလည်း ကျွန်တော်တို့ ဂန်ကြီးဌာနအစိုးရဌာနတစ်ခုတည်းကဆောင်ရွက်တာမဟုတ်ဘဲနဲ့ အားလုံး ပူးပေါင်းပါဂင်ပြီးတော့ ကျွန်တော်တို့ ကဏ္ဍအလိုက် ပညာရှင် အသီးသီးရဲ့ ကျွန်တော်တို့ရဲ့ လမ်းညွှန်ချက်တွေ၊ အကြံပြုချက်တွေအရ ရေးဆွဲ ပြီးစီးခဲ့တာ ဖြစ်ပါတယ်။ အစည်းအဝေးပေါင်း မြောက်များစွာ၊ နောက် လူထုအစည်းအဝေးပွဲတွေ၊ အကြံပေး ပညာရှင်တွေရဲ့ စာဖြင့်ရေးသား အကြံပြုချက်တွေ စတဲ့ အချက်အလက်တွေ စုစည်းပြီးတော့မှ ကျွန်တော်တို့ ဒီ ပဉ္စမ မူကြမ်းကို ရရှိခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ပဉ္စမမူကြမ်းကို ကျွန်တော်တို့ အောက်တိုဘာလ ၁၈ ရက်နေ့မှာ ပထမဦးဆုံးအကြိမ် Public Consultation ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ အဲ့နောက်ပိုင်း နိုဂင်ဘာလမှာတော့ ပြည်နယ် တိုင်းဒေသကြီး အသီးသီးမှာရှိတဲ့ မြို့ (၁၇) မြို့မှာ ကျွန်တော်တို့ လူထုတွေ့ဆုံပွဲတွေ ဆောင်ရွက်ခဲ့ပါတယ်။ အဲ့မှာ ရရှိခဲ့တဲ့ အကြံပြုချက်တွေ အားလုံးကို စုစည်းပြီးတော့ ကျွန်တော်တို့ ရေးဆွဲထားတဲ့ မူဂါဒအပေါ်မှာ ဖြည့်စွက် တည်းဖြတ် ပြင်ဆင်ဖို့အတွက် ပထမအကြိမ် Round Table Meeting ကိုလည်းပဲ ကျွန်တော်တို့ ဇန်နဂါရီလ ၃၁ ရက်နေ့နှင့် ဖေဖော်ဂါရီလ ၁ ရက်နေ့မှာ ကျွန်တော်တို့ နေပြည်တော်မှာပဲ ကျင်းပခဲ့ပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်း၊ အငြိမ်းစား ပညာရှင်ကြီးများ၊ ပြင်ပ ပညာရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူ ပညာရှင်ကြီးများ၊ အားလုံး ၆၆ ယောက် တက်ရောက်ခဲ့ပြီးတော့ ကျွန်တော်တို့ရဲ့ မူဂါဒအပေါ်မှာ ကျွန်တော်တို့ ဆွေးနွေးခဲ့ကြပါတယ်။ အဲ့ဒီ ပူးပေါင်းဆွေးနွေးခဲ့တဲ့ ရလဒ်တွေဟာ ကျွန်တော်တို့ မူဂါဒကို ပိုပြီးတော့ ကောင်းမွန်ရေးအတွက် အကြံပြုချက်များစွာ ကျွန်တော်တို့ ရခဲ့ပါတယ်။ ဒီအတွက်လည်း တက်ရောက်ဆွေးနွေး အကြံပြုခဲ့တဲ့ ပညာရှင်များအားလုံးကို ကျွန်တော့် အနေနဲ့ ကျေးဇူးတင်ကြောင်း ကျွန်တော်ပြောကြားလိုပါတယ်။

နောက် ရှေ့ဆက်လက်ပြီးတော့လည်း၊ ကျွန်တော်တို့ လာမယ့် ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်မှာ ရန်ကုန်မြို့၊ ကန်တော်ကြီး၊ ပဲလေ့စ်ဟိုတယ်မှာ ဒုတိယအကြိမ်မြောက် Discuss Table Meeting ကို ကျင်းပဖို့ ကျွန်တော်တို့ စီစဉ်ထားရှိပါတယ်။ ဒါကြောင့်မို့ ဒီပထမအကြိမ်မှာ တက်ရောက်ခဲ့တဲ့ ကိုယ်စားလှယ်များအားလုံးအပြင်၊ ဒီကနေ့ ကျွန်တော်တို့ ဆွေးနွေးပွဲမှာ တက်ရောက်လာတဲ့ ကိုယ်စားလှယ်များ၊ ပညာရှင်များ အားလုံးကိုလည်း ကျွန်တော် ဖိတ်ကြားလိုပါတယ်။

နောက်ထပ်ပြီးတော့လည်း မြေယာနဲ့ ပတ်သက်ပြီးတော့

ဖြစ်စေ၊ ကျွန်တော်တို့နှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အဖွဲ့အစည်းများ အားလုံးကိုလည်း ဖေဖော်ဝါရီလ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်မှာ ကျင်းပမယ့် ဒုတိယအကြိမ် ဆွေးနွေးပွဲကို တက်ရောက်ဖို့ ဒီမှာကြုံကြိုက်တုန်း ဖိတ်ကြားလိုပါတယ်။

ဒီနေ့ ဆွေးနွေးပွဲနဲ့ပတ်သက်ပြီးတော့ ကျွန်တော် အချက်အချို့ကို ကျွန်တော်ဆွေးနွေးတင်ပြ လိုပါတယ်။ အဲ့ဒါကတော့ ခေါင်းစဉ်မှာ ပါတဲ့အတိုင်းပါပဲခင်ဗျား။ ဓလေ့ထုံးတမ်းအရ ကျွန်တော်တို့နိုင်ငံမှာ မြေယာအသုံးချမှုတွေ၊ မြေယာအသုံးပြုမှုတွေ၊ မြေယာလုပ်ကိုင်ခွင့်၊ ရှိတာတွေ ရှိခဲ့ပါတယ်။ ဒါတွေဟာ တော်တော်များများကတော့ ဓလေ့ထုံးတမ်းအစဉ်အလာအရလို့ ဆိုတဲ့အတိုင်းပဲ ဥပဒေတစ်ခုအရ အကျုံးဝင်ခြင်းမရှိဘဲနှင့် ဘိုးဘွားဘီဘင် လက်ထက်က မြေအသုံးပြုခွင့်၊ အသုံးပြုခဲ့တဲ့ အခြေအနေများအရ အစဉ်အဆက် အသုံးပြုလာခဲ့တာ ဖြစ်ပါတယ်။ တချို့သော မြေအသုံးချမှုများဟာ၊ ဥပဒေနှင့် ဘောင်ဝင်ခြင်းမရှိ၊ ဖြစ်နေတာမျိုးတွေ တော်တော်များများ ရှိနေပါတယ်။ ဥပမာအားဖြင့် ပြောရရင်၊ တောင်တန်းဒေသတွေမှာရှိတဲ့ လူနည်းစု တိုင်းရင်းသား လူမျိုးများရဲ့ ဓလေ့ထုံးတမ်းအရ မြေအသုံးချမှုတွေဟာ လက်ရှိအခြေအနေမှာ တည်ဆဲဥပဒေတွေ၊ တည်ဆဲ လုပ်ထုံးလုပ်နည်းတွေနဲ့ မညီညွတ်တဲ့အတွက်၊ မြေယာ အငြင်းပွားမှုတွေ၊ မြေယာအသုံးချမှု ကိစ္စတွေမှာ ကျွန်တော်တို့ ဥပဒေနဲ့ မညီညွတ်တဲ့ကိစ္စတွေကြောင့်၊ တိုင်းရင်းသား လူမျိုးစုတွေမှာ အခက်အခဲများရှိနေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဒါကြောင့်မို့၊ ဒီနေ့ဆွေးနွေးတဲ့ ဓလေ့ထုံးတမ်းအရ မြေယာ ပိုင်ဆိုင်ခွင့်နှင့် အသုံးပြုခွင့်အပြင်၊ အခြေအနေတွေကို ကျွန်တော်တို့ရဲ့ မူဝါဒမှာ အခန်းကဏ္ဍတစ်ခုအနေနဲ့ ထည့်သွင်းဖော်ပြဖို့ ကျွန်တော်တို့ ဒီမှာ ဆွေးနွေးကြဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

မြေအသုံးချမှုနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုများကိုလည်းပဲ ဒီမှာ အလျဉ်းသင့်လို့ ကျွန်တော် အနည်းငယ်မျှ တင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သစ်တောဖုံးလွှမ်းမှုအနေနဲ့ အခြားနိုင်ငံတွေနဲ့ယှဉ်ရင် ကျွန်တော်တို့ အတော်များများ ရှိပါတယ်။ ဒီသစ်တောတွေ အပေါ်မှာပဲ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားလူမျိုးစုတွေဟာ မှီခိုလုပ်ကိုင်စားသောက် နေထိုင်ကြတာ ဖြစ်ပါတယ်။ သစ်တောထွက် ပစ္စည်းတွေကို ထုတ်ယူသုံးစွဲတယ်။ သစ်တောမြေတွေ အပေါ်မှာလည်းပဲ စိုက်ပျိုးမြေအဖြစ် ကျွန်တော်တို့ သီးနှံသစ်တောအနေနဲ့ စိုက်ပျိုးကြတာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောရရင် ကျွန်တော်တို့ ၁၈၅၆ ခုနှစ်ကတည်းက သစ်တောမြေတွေအပေါ်မှာ လူနည်းစု တိုင်းရင်းသားတွေဟာ တောင်ယာစနစ်နဲ့ ကျွန်တော်တို့ စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ဒီနေရာမှာလည်းပဲတောင်ယာစနစ်လို့ပြောရင်တောင်ယာဆိုတဲ့စကားလုံးဟာ Scientific Term တစ်ခုဖြစ်ပါတယ်။ တောင်ယာကို တိုက်ရိုက်ဘာသာပြန်ရင်တော့ တောင်ပေါ်မှာ သီးနှံများ စိုက်ပျိုးခြင်းလို့ ပြောလို့ရပါတယ်။ အင်္ဂလိပ်လို တောင်ယာလို့ပြောရင် ကျွန်တော်တို့ဗမာက Shifting Cultivation ရွှေ့ပြောင်းတောင်ယာလို့ ကျွန်တော်တို့ပြောလေ့ရှိပါတယ်။ ရွှေ့ပြောင်းတောင်ယာဆိုတာကတော့ မြေတစ်ခုကို သစ်တောတွေ ခုတ်ထွင်ရှင်းလင်းမယ်၊ စိုက်မယ်၊ စိုက်ပျိုးပြီးလို့ရှိရင် ထွက်လာတဲ့ သီးနှံတွေဟာ တစ်နှစ်၊ နှစ်နှစ်လောက်ကျရင် မြေဆီလွှာရဲ့ ဂုဏ်သတ္တိ လျော့နည်းလာတဲ့ အခါမျိုးမှာ နောက်တစ်နေရာကို ရွှေ့ပြီးတော့ ရွှေ့ပြောင်းစိုက်ပျိုးတာ ဖြစ်ပါတယ်။

ရွှေ့ပြောင်းတဲ့အခါမှာ ကျွန်တော်တို့ အားလုံး သိတဲ့အတိုင်းပဲ သစ်ပင်တွေကို ခုတ်လှဲပြီးတော့ မီးရှို့ပြီးတော့ ဒီလယ်ယာမြေအဖြစ် ပြောင်းလဲစိုက်ပျိုးတဲ့အတွက် သစ်ပင်တွေဆုံးရှုံးတယ်။ မြေဆီလွှာတွေ ပြုန်းတီးတယ်၊ ဒါကြောင့်မို့ ရွှေ့ပြောင်းတောင်ယာကတော့ဖြင့် ကျွန်တော်တို့ ဇီဝမျိုးစုံ မျိုးကွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရှုထောင့်အရကော ကျွန်တော်တို့ ဒါ ကောင်းတဲ့နည်းလမ်းတစ်ခု မဟုတ်ဘူး။ ဒါကြောင့်မို့ ရွှေ့ပြောင်းတောင်ယာအစား Permanent တောင်ယာအဖြစ် Soil Conservation Technique တွေသုံးပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် တောင်ယာစနစ်ကို ဆောင်ရွက်လို့ရပါတယ်။

ကျွန်တော်တို့အနေနဲ့ကတော့ သစ်တောမှာတော့ တောင်ယာစနစ်ဟာ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းစနစ်ကို ဆိုလိုခြင်းဖြစ်ပါတယ်။ သီးနှံတွေကို သစ်တောသစ်ပင်တွေကြားထဲမှာ စိုက်ပျိုးခြင်းအားဖြင့် သစ်ပင်အတွက်လည်း မြေဆီလွှာကောင်းစေပါတယ်။ သီးနှံလဲ အထွက်ကောင်းစေတဲ့ Combination နည်းစနစ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့ တောင်ယာစနစ်လို့ပြောရင် ကျွန်တော်တို့က ရွှေ့ပြောင်းတောင်ယာကို ပြောခြင်းမဟုတ်ဘဲနဲ့ Permanent တောင်ယာအဖြစ် အသုံးပြုနိုင်အောင် စီစဉ်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်းပဲ ကျွန်တော်တို့ သစ်တောမြေတွေထဲမှာ အကြောင်းကြောင်းကြောင့် ကျွန်တော်တို့ ဒေသခံပြည်သူတွေဟာ လယ်ယာမြေအဖြစ်သော်လည်းကောင်း၊ မိမိနေထိုင်မှုအတွက်သော်လည်းကောင်း၊ ယာသီးနှံ စိုက်ပျိုးဖို့အတွက်သော်လည်းကောင်း၊ အခြားသော နှစ်ရှည်ပင်များ စိုက်ပျိုးဖို့အတွက်သော်လည်းကောင်း၊ ရောက်ရှိပြီးတော့ ဝင်ရောက်ဆောင်ရွက်နေတာ ရှိပါတယ်။ ဒါကလည်း နှစ်အတန်ကြာ ဝင်ရောက်စိုက်ပျိုးနေတာ ဖြစ်တဲ့အတွက် ဒီလို

ကျူးကျော်ဝင်ရောက်တဲ့ ဒေသခံများကို ဖယ်ရှားဖို့ ဆိုရင်လည်းပဲ ဥပဒေအရ မှန်သော်လည်း လူမှုစီးပွားရေး အခြေအနေများအရ ဆောင်ရွက်ဖို့ မသင့်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၃ ခုနှစ်ကစပြီးတော့ ကျွန်တော်တို့ ကြိုးဝိုင်းတွေ၊ သစ်တောနယ်မြေတွေထဲမှာ ရှိနေတဲ့ လူနေအိမ်ခြေများ၊ စိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်မြေများ၊ အများမြေများလို့ ပြောလို့ရတဲ့ စာသင်ကျောင်းမြေ၊ ဆေးပေးခန်းမြေ၊ သာသနာရေးဆိုင်ရာ Church ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေ၊ စတာတွေကို ကျွန်တော်တို့ ကြိုးဝိုင်းမြေအဖြစ်မှ စွန့်လွှတ်ပယ်ဖျက်ပေးလျက်ရှိပါတယ်။ ဒါတွေကလည်းပဲ ကျွန်တော်တို့ ဒေသခံတွေရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်တော်တို့အနေနဲ့ ပယ်ဖျက်ပေးတာဖြစ်ပါတယ်။ တကယ်တမ်းကျရင်တော့ သစ်တောမြေများ ကတော့ နိုင်ငံတော်ရဲ့ မူဝါဒအရ စုစုပေါင်းမြေဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းကို သစ်တောမြေများအဖြစ် ဖွဲ့စည်းတည်ထောင်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိအခြေအနေမှာ ၂၅.၈ ရာခိုင်နှုန်းကနေပြီးမှ အခု ကျွန်တော်တို့ ကြိုးဝိုင်းမြေ များကို ပယ်ဖျက်ပေးလိုက်တဲ့အတွက် ၂၄.၆ ရာခိုင်နှုန်းခန့်မျှသာ ရှိပါတော့တယ်။

ဒါကြောင့်လည်းပဲ တိုးချဲ့ဖွဲ့စည်းဖို့အတွက် သစ်တောဖုံးလွှမ်းမြေရဲ့ အစိုးရ စီမံခန့်ခွဲခွင့်ရှိတဲ့ မြေတွေမှာလည်းပဲ တိုးချဲ့ဖွဲ့စည်းဖို့ ဆောင်ရွက်နေပါတယ်။ ဒီကျွန်တော်တို့ ကြိုးဝိုင်းမြေထဲမှာရှိတဲ့ ယာမြေများကိုတော့ ခုန ကျွန်တော်တင်ပြတဲ့ သီးနှံသစ်တောစနစ်နဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ဖို့အတွက် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒီနေရာမှာလည်း အလျဉ်းသင့်လို့ ဒေသခံပြည် သူအစုအဖွဲ့ပိုင် သစ်တောဆိုတဲ့ Community Forestry Development Program တစ်ခုကိုလည်း ဒီနေရာမှာတင်ပြလိုပါတယ်။

လက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ ကျေးလက်နေပြည်သူများဟာ ခုနကတင်ပြသလိုပဲ သစ်တောမြေများကို သစ်တောထွက်ပစ္စည်းများကို မှီခိုနေရတာဖြစ်ပါတယ်။ အဲ့ဒီတော့ လူဦးရေ တိုးပွားလာတယ်။ လုပ်ကိုင်စားစရာ မြေမရှိဘူး။ ဒါကြောင့်မို့လို့ အလွယ်တကူပဲ သစ်တောနယ်မြေထဲမှာ ရှိတဲ့ သစ်ပင်တွေ ခုတ်ထွင်ရှင်းလင်းပြီးတော့ သူတို့ဘဝရပ်တည်နေထိုင်ရေးအတွက် သစ်တောနယ်မြေထဲမှာ ရှိတဲ့သစ်ပင်တွေ ခုတ်ထွင်ရှင်းလင်းပြီးတော့ သူတို့ ဘဝရပ်တည်နေထိုင်ရေးအတွက် သစ်တောမြေများကို လယ်ယာမြေများအဖြစ် ပြောင်းလဲအသုံးပြုကြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို၊ ဒီလိုမျိုး ပြောင်းလဲ အသုံးချခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိအောင်လို့ ကျွန်တော်တို့အနေနဲ့က ဒေသခံပြည်သူ အစုပိုင်သစ်တောလို့ခေါ်တဲ့ Community Forestry ကို ကျွန်တော်တို့ တည်ထောင်ပေးခဲ့တာဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုလည်း ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ ၁၉၉၅ ခုနှစ်ကတည်းက ဌာနဆိုင်ရာညွှန်ကြားချက် တစ်ခုအနေနဲ့ ထုတ်ပြန်ပြီးတော့ သစ်တောမြေထဲမှာ ဒေသအစုအဖွဲ့ ပိုင်သစ်တောအဖြစ် တည်ထောင်လိုတဲ့ ကျေးရွာသား အစုအဖွဲ့များ သစ်တောဦးစီးဌာနမှာ လျှောက်ထားရင်တော့ ကျွန်တော်တို့နှစ်သုံးဆယ် မည်သည့်အခွန်အခမျှ ပေးစရာမလိုပဲနဲ့ နှစ် ၃၀ မြေယာ လုပ်ကိုင်စားသောက်ခွင့် ရမှာဖြစ်ပါတယ်။

ဒီမှာလည်း ထွက်ရှိလာမယ့် စိုက်ခင်းများ ထွက်ရှိလာမယ့် သစ်တောထွက်ပစ္စည်းများအပေါ် မှာလည်းပဲ မည်သည့် အခွန်အခမျှ ပေးစရာမလိုပဲနဲ့ လွတ်လပ်စွာ အသုံးပြုခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်များကို ခုနက တင်ပြသလိုပဲ ၁၉၉၅ ခုနှစ်ကတည်းက စတင်ခဲ့သော်လည်းပဲ အကြောင်းကြောင်းကြောင့် ရည်မှန်းထားတဲ့ ရည်မှန်းချက်တွေ ရောက်ရှိအောင် ဖွဲ့စည်းတည်ထောင်နိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါကိုလည်း ကျွန်တော်တို့ ပြန်လည်သုံးသပ်တာကတော့ အစိုးရရဲ့ စာရွက်စာတမ်း လုပ်ထုံးလုပ်နည်းတွေ များပြားနေတဲ့အတွက် ဒေသခံပြည်သူများဟာ ကျေးရွာသူ ကျေးရွာသားများဟာ မြို့တက်ပြီးတော့ ဒီစာရွက်စာတမ်းများကို လုပ်တဲ့ အခက်အခဲတွေ ရှိတယ်။ နောက်တစ်ခါ နည်းပညာအရ အခက်အခဲတွေရှိတယ်။ နောက်ဆုံး အရေးကြီးတာကတော့ ဒီမြေ နှစ်သုံးဆယ် အသုံးပြုခွင့် ရမရဆိုတဲ့ ယုံကြည်မှု မရှိဘူး။ ဒါကြောင့်မို့ ဒီ Community Forestry လို့ခေါ်တဲ့ ဒေသခံပြူသူ အစုပိုင် သစ်တောတည်ထောင်ဖို့အတွက် ထိရောက်တဲ့ အောင်မြင်မှု မရှိတာကို တွေ့ရှိရပါတယ်။

အခုကြိုးဝိုင်းမြေထဲက ပယ်ဖျက်လိုက်တဲ့ ယာမြေများကိုတော့ ကျွန်တော်တို့ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဆက်စပ်တဲ့ အဖွဲ့အစည်းများ၊ ဒေသဦးစီး ကော်မတီဝင်များနှင့် ပူးပေါင်းပြီးတော့ ယာမြေများကိုတော့ ကျွန်တော်တို့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောအဖြစ် တည်ထောင်မယ်။ လိုအပ်တဲ့ သစ်ပင်စိုက်ပျိုးရန်အတွက် ပျိုးပင်များကို ထားမယ်၊ ဖြန့်ဝေပေးမယ်။ နည်းပညာ အားဖြည့်ပြီး ပံ့ပိုးပေးမယ်။ နောက် သူတို့အတွက် အဓိက လိုနေတဲ့ ရံပုံငွေ၊ နောက်တစ်ခါ လိုအပ်တဲ့ စိုက်ပျိုးစရိတ်တွေ၊ ဒီအတွက်လည်း ကျွန်တော်တို့အနေနဲ့ ငွေချေးတဲ့ စနစ်လေးတစ်ခုကို ကျွန်တော်တို့ စီစဉ်ပေးမယ်။ Microcredit ဒါမှမဟုတ်လို့ရှိရင်လည်း သီးစားငွေချေးတဲ့ အစုအဖွဲ့လေးတွေ တည်ထောင်ပြီးတော့ ဘဏ်ကနေ ငွေချေးတဲ့ စနစ်မျိုးကို လုပ်ပေးမယ်ဆိုပြီးတော့ ကျွန်တော်တို့ ဆွေးနွေးထားရှိပါတယ်။

လယ်ယာမြေများကိုတော့ သက်ဆိုင်ရာဌာန လည်ဆည် မြေစာရင်းကောက်ပြီးမှ [ဆည်ထွက်ကိုလည်း] ရရှိအောင် လုပ်ရန် လိုသကဲ့သို့ ကျွန်တော်တို့ CF လို့ခေါ်တဲ့ ဒေသခံပြည်သူ

အစုအဖွဲ့ပိုင် သစ်တောတည်ထောင်တဲ့အစုအဖွဲ့များကိုလည်းပဲ ကျွန်တော်တို့ ငွေချေးနိုင်အောင်၊ နောက်တစ်ခါ ဂင်ငွေတိုးလုပ်ငန်းတွေ ဆောင်ရွက်နိုင်အောင်၊ ပူးပေါင်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဓလေ့ထုံးတမ်းအရ အစုအဖွဲ့တွေအဖြစ် အသုံးပြုနေတဲ့ မြေများကို သစ်တောမြေထဲမှာ ကျရောက်နေရင် တောင်မှ ဒေသအစုအဖွဲ့ပိုင် သစ်တောအဖြစ် ထူထောင်ပေးခြင်းအားဖြင့် တရားဂင်ပိုင်ဆိုင်ခွင့် ရသကဲ့သို့၊ နှစ်သုံးဆယ် အခွန်ကင်းလွတ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဓလေ့ထုံးစံအရ ဆောင်ရွက်တဲ့ အစုအဖွဲ့ မြေယာများကို သစ်တောမြေထဲမှာ ရှိသည်ဖြစ်စေ၊ အစိုးရ စီမံခန့်ခွဲခွင့်ရှိတဲ့ မြေထဲမှာလည်းပဲ သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အဖွဲ့များက သဘောတူလျှင် အစုအဖွဲ့ပိုင် သစ်တောအဖြစ် ဆောင်ရွက်ခွင့်ရှိကြောင်း ကျွန်တော် ဒီမှာ ပြောကြားလိုပါတယ်။

နောက်တစ်ခုကတော့ အလှည့်ကျ ခုနသစ်တောများ တင်ပြသလို အနားပေးတောင်ယာစနစ် ဆိုတဲ့နေရာမှာလည်းပဲ၊ ခုန ကျွန်တော်ပြောသလိုပဲ တောင်ယာဆိုတာ Agro Forest System သစ်တော ရောနှော စိုက်ပျိုးတဲ့ စနစ် တစ်ခုဖြစ်တယ်။ ဒီဟာကို ကျွန်တော်တို့ Rotation based နဲ့ ဒီနှစ်စိုက်မယ်။ စိုက်ပြီးရင် နောက်တစ်နေရာ ရွှေ့မယ်၊ ဒီမြေကို အနားပေးမယ်။ အနားပေးတဲ့အခါမှာလည်း မြေဆီလွှာကို ဖွံ့ဖြိုးတိုးတက်စေတဲ့ သစ်ပင်မျိုး၊ ပြန်စိုက်ပေးလိုက် ခြင်းအားဖြင့် အလှည့်ပြန်ကျတဲ့ အခါမှာ မြေဆီလွှာ အကြပ်အတည်း မရှိဘူး။ နောက်တစ်ခါ ရေတိုက်စားခြင်းမရှိဘူး။ မြေဆီမှာ အပေါ်အယံ Soil Cover ရှိနေမယ်ဆိုရင် ဒါလည်းပဲ ဆောင်ရွက်လိုရတဲ့ ကိစ္စဖြစ်တယ်။

ဒါကြောင့်မို့ ဒီမှာ ကြုံတုန်းတင်ပြချင်တာကတော့၊ တက်ရောက်လာတဲ့ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ သီပွံပညာရှင်များ၊ ကျွန်တော်တို့ တောင်ယာစနစ်ကို ကျွန်တော်ခုနက ရှင်းပြသလိုပဲ Traditional Shifting Cultivation စနစ်ကို အသုံးပြုနိုင်မယ့် Scientifically စိုက်ပျိုးနိုင်တဲ့ တောင်ယာစနစ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် နည်းပညာရှုထောင့်ကဖြစ်စေ၊ လူမှုစီးပွားရေး ရှုထောင့်ကဖြစ်စေ၊ ကျွန်တော်တို့ အကြံပြု ဆွေးနွေးပေးဖို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်ချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ ကတော့ သစ်တောမြေ အဓိက စီမံခန့်ခွဲတာ ဖြစ်ပါတယ်။ သစ်တောများဟာလည်းပဲ ဒေသခံပြည်သူ အားလုံးနဲ့ ပတ်သက်ဆက်စပ်တဲ့အတွက် ကျွန်တော်တို့ရဲ့ Social Forestry လို့ခေါ်တဲ့ လူမှုရေး သစ်တောပညာ ရှုထောင့်အရလည်း ကျွန်တော်တို့ရဲ့ စီမံအုပ်ချုပ်မှုစနစ်တွေကို ပြုပြင်ပြောင်းလဲနေပါတယ်။ ဒီထဲမှာ ဒါ အင်မတန် အရေးကြီးတဲ့ ဒီနေ့အစည်းအဝေးကြီးမှာ ဆွေးနွေးကြမယ့် ဓလေ့ထုံးတမ်းအရ အစုအဖွဲ့မြေယာပိုင်ဆိုင်ခွင့်နှင့် အလှည့်ကျ အနားပေးတောင်ယာစနစ် ဆိုတာ ကျွန်တော်တို့ သစ်တောဦးစီးဌာနနဲ့ ရာခိုင်နှုန်း တော်တော်များများ ပါဂင်ပတ်သတ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ဌာနမှာရှိတဲ့ အတွေ့အကြုံရှိတဲ့ အရာထမ်းများ ပါဂင်တက်ရောက် ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့လုပ်ငန်းများနှင့် ဆက်စပ်ပြီးတော့ ဆွေးနွေးကြဖို့ရယ်၊ နောက်တစ်ခါ အဓိက ပြည်သူတွေကို ဖွံ့ဖြိုးတိုးတက်စေတဲ့ ကျွန်တော်တို့ နည်းလမ်းတွေ၊ အုပ်ချုပ်မှုစနစ်တွေအတွက် ကျွန်တော်တို့ကို အကြံပြုဆွေးနွေးပေးဖို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# 12. References

## (Endnotes)


1 Gonzalo Colque (2015, February), *Customary land rights.* Presentation at the National Dialogue on Customary Communal Land Tenure and Rotational Fallow Farming Systems, Nay Pyi Taw, Myanmar.

2 Jennifer Franco (2015, February), *Customary tenure in the tenure quidelines.* Presentation at the National Dialogue on Customary Communal Land Tenure and Rotational Fallow Farming Systems, Nay Pyi Taw, Myanmar.

3 Sophorn Sek (2015, February), *Cambodia lessons learned: customary communal tenure.* Presentation at the National Dialogue on Customary Communal Land Tenure and Rotational Fallow Farming Systems, Nay Pyi Taw, Myanmar.

4 R.J. de la Rosa (February 2015, *Indigenous Land Rights in the Philippines.* Presentation at the National Dialogue on Customary Communal Land Tenure and Rotational Fallow Farming Systems, Nay Pyi Taw, Myanmar.

5 Souvanthong, P. (2015, February), Participatory Forest and Land Use planning, Allocation and Management and Land Tenure in Lao PDR. Presentation at the National Dialogue on Customary Communal Land Tenure and Rotational Fallow Farming Systems, Nay Pyi Taw, Myanmar.

6 Stevenson, H.N.C. 1937 'Land Tenure in the Central Chin Hills of Burma' in Man, the Journal of the Royal Anthropological Institute of Great Britain and Ireland, Society Man Vol.37, 1937, 81

7 Andersen, K.E.. Communal Tenure and the Governance of Common Property Resources in Asia: Lessons Learned from Experiences in Selected Countries. FAO, 2011, pg. 46.

8 Andersen, K.E.. Communal Tenure and the Governance of Common Property Resources in Asia: Lessons Learned from Experiences in Selected Countries. FAO, 2011, pg. 47.

9 If the community was identified as a legal entity it could ask the SLRD for land titling of its land with reference to the Farmland Law, Article 6 that allows organisations to hold land titles.

10 Karen Environmental and Social Action Network (2015, February), Importance of recognizing, protecting and promoting of local systematic management of customary land tenure systems, 'kaw' as a case study. Presentation at the National Dialogue on Customary Communal Land Tenure and Rotational Fallow Farming Systems, Nay Pyi Taw, Myanmar.

11 Karen Environmental and Social Action Network (2015, February), Importance of recognizing, protecting and promoting of local systematic management *of customary land tenure systems, 'kaw' as a case study.* Presentation at the National Dialogue on Customary Communal Land Tenure and Rotational Fallow Farming Systems, Nay Pyi Taw, Myanmar.

12 Resource Rights for the Indigenous Peoples (2015, February), Customary Land Tenure Practice in Naga Region. Presentation at the National Dialogue on Customary Communal Land Tenure and Rotational Fallow Farming Systems, Nay Pyi Taw, Myanmar.

13 Springate-Baginski, O., (2015, February), Future of Shifting Cultivations in Myanmar. Presentation at the National Dialogue on Customary Communal Land Tenure and Rotational Fallow Farming Systems, Nay Pyi Taw, Myanmar.

14 Conklin, H. C. l957. Hanunoo Agriculture: a report on an integral system of shifting cultivation in the Philippines. Rome: FAO (Forestry Development Paper no. 12).

15 Warner, Katherine. Shifting Cultivators: local technical knowledge and natural resource management in the humid tropics. FAO: 1991.

16 Springate-Baginski, O., (2015, February), *Future of Shifting Cultivations in Myanmar.* Presentation at the National Dialogue on Customary Communal Land Tenure and Rotational Fallow Farming Systems, Nay Pyi Taw, Myanmar.

17 Shifting Cultivation and Climate Change. Intersessional Meeting UNFCCC Bangkok, 2009,

18 See also: "Shillong Declaration" that was prepared by participants of the Regional Shifting Cultivation Policy Dialogue Workshop for the Eastern Himalayas, 2004 http://www.mtnforum.org/content/debating-shifting-cultivation-eastern-himalayas-farmers%E2%80%99-innovations-lessons-policy-1

19 OECD Investment Policy Reviews: Myanmar. 2014. 358.

20 Springate-Baginski, O., Rethinking Swidden Cultivation in Myanmar: Policies for sustainable upland livelihoods and food security, University of East Anglia/Pyoe Pin; 2013.

21 Byerlee et. al, Agribusiness Models for Inclusive Growth in Myanmar: Diagnosis and Ways Forward , MSU International Development Working Paper; 2014.

22 Andersen, K.E.., Study of Upland Customary Communal Tenure in Chin and Shan State, Land Core Group; 2014.

Land Core Group

tni transnationalinstitute

## Customary Land Mapping & Classification





Funded By:

LIFT Livelihoods and Food Security Trust Fund

afd Agence Française de Développement; Australian Aid; European Union; Irish Aid; Development Cooperation; Government of the Netherlands; New Zealand; Sweden; Swiss Agency for Development and Cooperation SDC; UKaid; USAID